# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ သောကြာနေ့။ Friday, 18 August 2023 ၁၁၁၉၁


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြစ်ကြီးနားမြို့၊ လားရှိုးမြို့နှင့် တန့်ယန်းမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ရန်အောင်မြင်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၆၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪



# မဟာအောင်မြေမြို့နယ်၌ ဆန်၊ ဆီနှင့် ကြက်ဥ၊ ဘဲဥများကို သက်သာသောနှုန်းထားဖြင့် ရောင်းချ

**မန္တလေး ဩဂုတ် ၁၇**

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မန္တလေးတိုင်းဒေသကြီး(အသင်းခွဲ)မှ သက်သာသောနှုန်းထားဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥများကို မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဇေယျာထွန်းရပ်ကွက် (ဆေးရိုးစု)အကွက် ၄၆၀ မှ ရပ်ကွက်နေပြည်သူများအား ဩဂုတ် ၁၇ ရက်နံနက်ပိုင်းက သွားရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍


**ယနေ့ ဖတ်စရာ**

နိဗ္ဗာန်ရည်စူး ကြည်နူးဖူးမြော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်
ဆောင်းပါး စာမျက်နှာ » ၈

အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်ချက်
စာမျက်နှာ » ၉

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာချက်
စာမျက်နှာ » ၁၁

လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှု အခြေအနေ
စာမျက်နှာ » ၁၈





# ကြေးမုံ

## စည်းလုံးညီညွတ်မှုဖြင့် တိုးတက်မှုဖော်ဆောင်

(၁၁) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023) ကို ရုရှားနိုင်ငံ မော်စကိုမြို့၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Video Message ပေးပို့၍ ပါဝင်တက်ရောက်ခဲ့ပြီး "အာရှ-ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသော အာဆီယံအဖွဲ့၏ စည်းလုံးညီညွတ်မှု"နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ညီလာခံဒုတိယပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "အာဆီယံစည်းလုံးညီညွတ်မှုသည် အာရှ-ပစိဖိတ်ဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို ဖော်ဆောင်ရာတွင် မရှိမဖြစ်အထူးအရေးပါနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာဆီယံစည်းလုံးညီညွတ်မှုခိုင်မြဲနေသမျှ အာဆီယံသည် အာရှ-ပစိဖိတ်ဒေသအတွက် အရေးပါသည့်အင်အားအဖြစ်ရှိနေမည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို အားကြိုးမာန်တက်ဖော်ဆောင်လျက်ရှိချိန်တွင် တစ်ဖက်တွင်လည်း အဆိုပါစည်းလုံးညီညွတ်မှုကိုစိန်ခေါ်နေသော ခြိမ်းခြောက်မှုများလည်း ရှိနေပါကြောင်း"ပြောကြားခဲ့သည်။

အာရှ-ပစိဖိတ်ဒေသသည် လူဦးရေများပြားခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးတွင် အချက်အချာကျနေခြင်းတို့အပြင် လုံခြုံရေးအပါအဝင် ကဏ္ဍပေါင်းစုံ၌ အရေးပါသည့်ဒေသဖြစ်လာသည့်အတွက် အမေရိကန်နိုင်ငံအပါအဝင် ဥရောပသမဂ္ဂနှင့် နေတိုးအဖွဲ့ဝင်နိုင်ငံများကလည်း ၎င်းတို့၏အကျိုးစီးပွားအတွက် အာရှ-ပစိဖိတ်ဒေသအပေါ် စိတ်ဝင်စားမှုမြင့်တက်လာပြီး ဒေသတွင်းနိုင်ငံများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်လာသည်ကို တွေ့ရမည်ဖြစ်သည်။ လတ်တလောဖြစ်ပေါ်နေသောကမ္ဘာ့အခြေအနေများအရ လုံခြုံရေးကဏ္ဍတွင် အပြိုင်အဆိုင်လွှမ်းမိုးနိုင်ရန် အပြင်းအထန်အားထုတ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အာရှ-ပစိဖိတ်ဒေသအတွင်းရှိအာဆီယံအဖွဲ့သည် စစ်ရေးအရ မဟာမိတ်အုပ်စု မဟုတ်သော်လည်း အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးပေါင်းစည်းမှုအင်အားမှာ ကြီးမားလှသည်။ စစ်ရေးအတွေ့အကြုံရှိသည့် ဗီယက်နမ်၊ မြန်မာနှင့် စွမ်းပကားထက်မြက်သောလက်နက်များပိုင်ဆိုင်ထားသည့် အာဆီယံနိုင်ငံများ၏ ပေါင်းစည်းအင်အားသည် ကမ္ဘာ့လုံခြုံရေးကဏ္ဍတွင် အသင့်အတင့်အားထားနိုင်သော အနေအထားရှိသည်။ စစ်ရေးသာမက အာဆီယံစီးပွားရေးအသိုက်အဝန်း၊ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းအစရှိသည့် စုဖွဲ့မှုများနှင့် အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် ပေါင်းစည်းမှုကိုဖော်ဆောင်နိုင်ပြီး ဒေသတွင်းစည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မောင်းနှင်အားတစ်ခုဖြစ်လာခဲ့သည်။

အာဆီယံအဖွဲ့အနေဖြင့် အာရှ-ပစိဖိတ်ဒေသအတွင်း ပြင်ပအင်အားကြီးနိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ၊ အာဆီယံ+၃ အစရှိသည့် အာဆီယံနှင့်ပြင်ပမိတ်ဖက်နိုင်ငံများအကြား ဆွေးနွေးပွဲယန္တရားများတွင် အဓိကအချက်အချာကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အာဆီယံသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများအပေါ် ဩဇာသက်ရောက်လျက်ရှိပြီး ငြိမ်းချမ်းသော ဆက်ဆံရေးလမ်းကြောင်းများကို အားပေးမြှင့်တင်ကာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များတွင် အားကောင်းလျက်ရှိသည်။ အာဆီယံစည်းလုံးညီညွတ်မှုသည် အာရှ-ပစိဖိတ်ဒေသကြီးတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါလျက်ရှိသဖြင့် အနာဂတ်တွင် ရှုပ်ထွေးနက်နဲသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ ဒေသတွင်းနိုင်ငံများအားလုံး စည်းလုံးညီညွတ်မှု၊ ပေါင်းစည်းဆောင်ရွက်မှုများဖြင့် ကျော်လွှားတုံ့ပြန်သွားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိကာလတွင် အချို့ဒေသများမှအပ နေရာဒေသအများစုတွင် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအရ တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ထားနိုင်ပြီဖြစ်သည်။ ဆက်လက်ပြီး လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကိုကျင်းပပြီး အနိုင်ရသော နိုင်ငံရေးပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး လုံခြုံမှုရှိစေရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ရာ အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင်ဆောင်ရွက်ပြီး နိုင်ငံများအကြား အငြင်းပွားမှုများနှင့်ပြဿနာများကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ဆွေးနွေးအဖြေရှာပြီး ရရှိလာသောအခွင့်အလမ်းများကိုအသုံးချ၍ တည်ငြိမ်အေးချမ်းသာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

ဘားအံ ဩဂုတ် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များ ဆွမ်းကိစ္စခက်ခဲပင်ပန်းမှု မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးလျက်ရှိသည်။

ယင်းသို့ လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်ဝင်းနှင့် ဝန်ထမ်းများသည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် လှုဂုဏ်ရည် သီလရှင်စာသင်တိုက်ရှိ သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျိုက်လတ်မြို့နယ်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

ကျိုက်လတ် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးပြီးမိခင်နှင့် မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးများအား ကျန်းမာသန်စွမ်းစေရေးနှင့် အာဟာရဖွံ့ဖြိုးရေးအတွက် "ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်" အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျိုက်လတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျိုက်လတ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်က ကိုယ်ဝန်ဆောင်ချိန်မှ မီးဖွားချိန်၊ မီးတွင်းကာလအတွင်း ဆောင်ရန်၊ ရှောင်ရန်များအကြောင်းနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အထိ ကလေးများအား ကာကွယ်ဆေးထိုးနှံရန် လိုအပ်ကြောင်းနှင့် ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးမှုအကြောင်းများအပါအဝင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားဆောင်ရွက်မှုအား ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မွေးပြီးမိခင်များ၊ အသက် ခြောက်လမှ ၁၁ လအထိ ကလေးများ၊ အသက်တစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များအား သတ်မှတ်နှုန်းထားများပါဝင်သည့် ဗီတာမင်အေဆေးလုံးများကို တိုက်ကျွေးခဲ့ကြပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးပြီးမိခင်များ စုစုပေါင်း ၃၄ ဦးတို့အတွက် ဗီတာမင် B1 အားဆေးနှင့် ကိုယ်ဝန်ဆောင်အားဆေး၊ အိုင်အိုဒင်းဆားနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကိုလည်း အာဟာရအဖြစ် နို့ဆန်ပြုတ်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

၂၀၇



### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၇ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၁၇ | ၁၄၉,၆၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၀၀ | ၁၃,၈၈၄ | ၄၃,၃၃၅,၆၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၄၁၅ | ၆၆၅,၅၀၀ |
| TMH | ၂,၃၀၀ | ၂,၃၀၀ | ၀ | ၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၂,၉၆၉ | ၆,၈၂၈,၇၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |
| MAEX | ၁,၉၅၀ | ၁,၉၅၀ | ၁,၇၉၅ | ၃,၅၀၀,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးမောင်မောင်အုန်း ကူမင်းမြို့၌ ကျင်းပသည့် GMS စီးပွားရေးစကြံဆိုင်ရာ အစိုးရတာဝန်ရှိသူများ အစည်းအဝေး - ၂၀၂၃ သို့ တက်ရောက်

ကူမင်း ဩဂုတ် ၁၇

GMS စီးပွားရေးစကြံဆိုင်ရာ အစိုးရတာဝန်ရှိသူများ အစည်းအဝေး - ၂၀၂၃ (2023 GMS Economic Corridor Governors Forum) ကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ယူနန်စီးပွားရေးဌာန ယုလန်ခန်းမ၌ ကျင်းပသည်။



GMS စီးပွားရေးစကြံဆိုင်ရာ အစိုးရတာဝန်ရှိသူများ အစည်းအဝေး - ၂၀၂၃ ကျင်းပစဉ်။

**တက်ရောက်**

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ အုပ်ချုပ်ရေးမှူးနှင့် တရုတ်နိုင်ငံ စီးပွားရေးရာဝန်ကြီးဌာနမှ ဒုတိယအကြီးအကဲများအပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးမောင်မောင်အုန်း၊ စစ်ကိုင်း၊ ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံမှ စိုက်ပျိုးမွေးမြူရေး၊ ထုတ်လုပ်ရေး၊ ကုန်သွယ်ရေးနှင့် အထွေထွေ အကျိုးဆောင် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ တာဝန်ရှိသူများ၊ မဲခေါင်ဒေသ သိပ္ပံနှင့် အာရှဒေသ ဖွံ့ဖြိုးရေးဘဏ်(ADB) မှ တာဝန်ရှိသူများအပြင် တောင်အာရှနိုင်ငံများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်နိုင်ငံ စီးပွားရေးရာဝန်ကြီးဌာနမှ ဒုတိယအကြီးအကဲ မစ္စတာလီဖေး၊ တရုတ်နိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးသံမှူး မစ္စတာတီကောင်၊ လာအိုနိုင်ငံ စက်မှုနှင့် စီးပွားရေးရာဝန်ကြီး ချန်ဆောကနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က မိန့်ခွန်းပြောကြားကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးမောင်မောင်အုန်းတို့ GMS စီးပွားရေးစကြံဆိုင်ရာ အစိုးရတာဝန်ရှိသူများ အစည်းအဝေး - ၂၀၂၃ သို့ တက်ရောက်စဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြောကြားရာတွင် စိုက်ပျိုးရေးသည် ဂျီအမ်အက်စ် ဒေသခွဲ၏ အဓိကကျောရိုးဖြစ်ပြီး သန်းပေါင်း ၃၄၀ ခန့်ရှိသည့် ဒေသခွဲလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် အသေးစားစိုက်ပျိုးရေး လုပ်ငန်းများအပေါ်တွင် မှီခိုနေသည့်အားလျော်စွာ လူဦးရေ သန်း ၂၀၀ နီးပါး၏နေထိုင်စားသောက်မှုကို တိုက်ရိုက်အထောက်အကူဖြစ်စေပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းကုန်သွယ်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် ဒေသခွဲ ဈေးကွက်နှင့် လူဦးရေ အရွယ်အစားသည် တရုတ်နိုင်ငံနှင့် အခြားသော ဂျီအမ်အက်စ်နိုင်ငံများအကြား စိုက်ပျိုးရေးကုန်သွယ်မှုကို အပြုသဘောဆောင်သည့် သက်ရောက်မှု ဖြစ်စေသည်ဟု ယုံကြည်ပါကြောင်း။

**အလွန်အရေးကြီး**

အမှန်တကယ် အားဖြင့် လယ်ယာကုန်သွယ်မှုသည် ၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေးဟူသော ရည်မှန်းချက်ပြည့်မီရေးအတွက် အလွန်အရေးကြီးပါကြောင်း၊ ထို့အပြင် ကုန်သွယ်မှုသည် လယ်သမားများနှင့် စားရေရိက္ခာထောက်ပံ့ရေးကွင်းဆက် တစ်လျှောက်တွင် အလုပ်လုပ်ကိုင်နေသည့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း ကို အထောက်အပံ့ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ယင်းသည် ကမ္ဘာတစ်ဝန်းရှိ စားရေရိက္ခာ မလုံလောက်မှုကို လျှော့ချရန်နှင့် ပိုမိုကောင်းမွန်သော စားသုံးကုန်စည်များ ရွေးချယ်မှုကို အထောက်အပံ့ဖြစ်စေပါကြောင်း။

ထိုနည်းတူစွာ ကုန်သွယ်မှု လွယ်ကူ ချောမွေ့စေခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုစွမ်းရည်များ မြင့်မားခြင်း၊ အစားအစာအမျိုးအမည် ကွဲပြားများပြားလာခြင်း၊ အစားအစာရရှိမှုမြင့်မားလာခြင်းတို့ကိုလည်း ကူညီပေးနိုင်ပါကြောင်း။

**ရှာဖွေဖော်ထုတ်ကြရမည့်အချိန်**

သို့ဖြစ်၍ လက်ရှိကာလသည် ဒစ်ဂျစ်တယ်စနစ် ဖော်ဆောင်ခြင်းနှင့် ရေရှည်တည်တံ့ခြင်းကဲ့သို့သော အကြောင်းရင်းများက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဓိကဖြစ်စေပြီး အရင်းအမြစ်များ အကန့်အသတ်ရှိနေသည့် ကိုဗစ်ကာလအလွန် ကမ္ဘာကြီးတွင် ဂျီအမ်အက်စ်နိုင်ငံများအနေဖြင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ ရှာဖွေဖော်ထုတ်ကြရမည့် အချိန်ကာလဖြစ်ပါကြောင်း။

ဒေသတွင်းနှင့် ဒေသပြင်ပ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေမည့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များ၊ ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းဆိုင်ရာ မဟာဗျူဟာများနှင့် ဂျီအမ်အက်စ် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင်ကဲ့သို့သော မူဝါဒပိုင်းဆိုင်ရာ အစီအမံသုံးခုသည် တစ်နိုင်ငံချင်းစီအနေဖြင့် လည်းကောင်း၊ ဒေသခွဲအနေဖြင့် လည်းကောင်း ရှိပြီးဖြစ်ပါကြောင်း။

ထို့ပြင် ဂျီအမ်အက်စ်မဟာဗျူဟာမူဘောင် (၂၀၃၀) ကို ၂၀၂၁ ခုနှစ်တွင် ကျင်းပခဲ့သော သတ္တမအကြိမ် ဂျီအမ်အက်စ်ထိပ်သီး အစည်းအဝေး၌ အတည်ပြုခဲ့ပြီးဖြစ်သည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ယင်းမူဘောင်သည် ဒေသခွဲအတွင်း မူဝါဒများနှင့် စံချိန်စံညွှန်းများ လိုက်လျောညီထွေရှိရန် လိုအပ်သည့် ပို့ကုန်တိုးချဲ့မှုအတွက် အစားအစာဘေးကင်းမှု ပိုမိုမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသည့် စံနှုန်းများကို မြှင့်တင်ဆောင်ရွက်ရန် အဓိကထားဖော်ပြထားပါကြောင်း။

နိဂုံးမချုပ်မီ ရှေ့ဆက်ဆောင်ရွက်ရန်ရှိသည့် ဂျီအမ်အက်စ်အစီအစဉ်များ အနက် အစီအစဉ်တစ်ခုနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် မျှဝေလိုပါကြောင်း၊ ဂျီအမ်အက်စ်အစီအစဉ်၏ နိုင်ငံအမည်အက္ခရာစဉ်အရ ယခု ၂၀၂၃ ခုနှစ်သည် (၂၆) ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အလှည့်ကျရောက်ပါကြောင်း၊ အဆိုပါဝန်ကြီးအဆင့် အစည်းအဝေးကို နေပြည်တော်၌ ဒီဇင်ဘာလတွင် လက်ခံကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ ဒစ်ဂျစ်တယ်စနစ် ဖော်ဆောင်ရေး၊ ဒေသအစိုးရများနှင့် ချိတ်ဆက်ဆောင်ရွက်ရေး၊ ဂျီအမ်အက်စ်အစီအစဉ်တွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်ရေးနှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုမူဘောင် စသည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ အဆိုပါ အစည်းအဝေးတွင် ပြည့်ပြည့်စုံစုံ ဆွေးနွေး ဖလှယ်နိုင်ကြမည်ဟု ကျွန်ုပ် ယုံကြည်ပါကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ ယူနန်ပြည်နယ်အစိုးရအုပ်ချုပ်ရေးမှူး မစ္စတာဝန်ယုဘိုက မိန့်ခွန်းပြောကြားပြီး ယူနန်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့မှ တာဝန်ရှိသူများက စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးတို့က ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ တာဝန်ရှိသူများ၊ မဲခေါင်ဒေသ သိပ္ပံနှင့် ADB မှ ဒေသဆိုင်ရာ တာဝန်ခံတို့နှင့်အတူ ပါဝင်ဆွေးနွေးကြသည်။

**ရလဒ်ကောင်းများရရှိခဲ့**

မဟာမဲခေါင်ဒေသ ပူးပေါင်းဆောင်ရွက်မှု ယန္တရားသည် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများ၏ အခြေခံ အဆောက်အအုံများ တည်ဆောက်ရေးနှင့် စီးပွားရေးပေါင်းစည်းမှုတွင် မကြာမီနှစ်များအတွင်း ထူးထူးခြားခြားရလဒ်ကောင်းများရရှိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ပထမသုံးလပတ်တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် လန်ချန်း-မဲခေါင် ငါးနိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံခန့်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၀ ရာခိုင်နှုန်း တိုးမြင့်လျက်ရှိကြောင်း၊ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၆၃၄ ခုနှင့် ယင်းအတွက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၄၇ ဘီလီယံရှိကြောင်း သိရသည်။

ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကူမင်းမြို့ရှိ Wanda ဟိုတယ်၌ တရုတ်နိုင်ငံ အမျိုးသား ရေဒီယိုနှင့်ရုပ်မြင်သံကြား စီမံခန့်ခွဲရေးအဖွဲ့အစည်း (NRTA) ဒုတိယအကြီးအကဲ Mr. Yang Guo Rei နှင့် ယူနန်ပြည်နယ် ရေဒီယိုနှင့်ရုပ်မြင်သံကြား စီမံခန့်ခွဲရေးအဖွဲ့အစည်း၊ ယူနန်မီဒီယာအုပ်စု (YMG)တို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မဲခေါင်နိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ရုပ်သံဌာန အကြီးအကဲများနှင့် မီဒီယာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တောင်အာရှနိုင်ငံများမှ မီဒီယာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

စာမျက်နှာ ၄ သို့ ❖




ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးမောင်မောင်အုန်းတို့ GMS စီးပွားရေးစင်္ကြံဆိုင်ရာ အစိုးရတာဝန်ရှိသူများ အစည်းအဝေး- ၂၀၂၃ သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❖ **စာမျက်နှာ ၃ မှ**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်းရုပ်သံ သီတင်းပတ် စားပွဲဝိုင်းဆွေးနွေးပွဲ၊ The National Theme day for Cambodia ဖွင့်ပွဲနှင့် ဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကူမင်းမြို့၌ ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) သွင်းကုန်/ပို့ကုန် ကုန်စည်ပြပွဲသို့ သွားရောက်၍ မြန်မာနိုင်ငံပြခန်း၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ စနစ်တကျထုပ်ပိုး၍ ခင်းကျင်းပြသထားရှိမှုနှင့် ယူနန်ပြည်နယ်တွင် ဈေးကွက်ဝေစုရရှိနေမှုကို ကြည့်ရှုအားပေးပြီး တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်တို့မှ သွင်းကုန်သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုနှင့်အတူ ယခုထက် ပိုမိုတင်သွင်းလိုမှုကို လုပ်ငန်းစဉ်အတိုင်း စနစ်တကျဖြင့် မြန်ဆန်ချောမွေ့အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံထုတ် ယူနန်ကောရမ်ဆေးနှင့် ဆေးပစ္စည်းများ ပြခန်းသို့ သွားရောက်ပြီး ခင်းကျင်းပြသထားရှိမှုများကို စိတ်ဝင်စားစွာ လိုက်လံကြည့်ရှုအားပေးကာ မြန်မာနိုင်ငံသို့ လာရောက်၍ ခင်းကျင်းပြသလိုမှုနှင့် အကူအညီပေးအပ်လိုမှုအပေါ် စနစ်တကျလေ့လာပြုစုပြီး လုပ်ငန်းစဉ်အတိုင်း ကမ်းလှမ်းဆောင်ရွက်ပေးရန် ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ကူမင်းမြို့ရှိ ယူနန်နေ့စဉ် (Yunan Daily)သတင်းစာတိုက်သို့ သွားရောက်၍ ၁၉၄၈ ခုနှစ်မှ စတင်စုဖွဲ့ပြင်ဆင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်မှစတင်၍ သတင်းစာ Logo ပြင်ဆင်သတ်မှတ်မှုနှင့် ဆယ်စုနှစ်အလိုက် သုံးသပ်ချက်ပြုလုပ်၍ အဆင့်ဆင့် တိုးတက်ပြောင်းလဲ လုပ်ဆောင်နေမှု၊ Online Media ကိုလည်း Print Media နှင့်အပြိုင် ဆောင်ရွက်နေမှု၊ သတင်းစာ(၉)မျိုးနှင့် မဂ္ဂဇင်း (၉)မျိုး ထုတ်ဝေဖြန့်ချိနေမှုတို့ကို ကြည့်ရှုလေ့လာပြီး ပြည်ထောင်စုဝန်ကြီးက သတင်းဖလှယ်အသုံးပြုမှုအပါအဝင် ပူးပေါင်းဆောင်ရွက်လိုမှုများကို လုပ်ငန်းစဉ်အတိုင်း စနစ်တကျဖြင့် လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့သည်။ **သတင်းစဉ်**

❂ **ရှေ့ဖုံးမှ**

ဓာတ်မှန်ရိုက်ခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ဇမ္ဗူအေးအေတီတပ်ဦးပရိယတ္တိစာသင်တိုက်နှင့် တန့်ယန်းမြို့ရှိ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော် ၃၀၇ ပါးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၃ ဦးတို့ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက အဆိုပါကျောင်းတိုက်များ၌ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❍ **မဟာအောင်မြေမြို့နယ်မှ**

လူတစ်ဦးလျှင် ဆန်သုံးပြည်(ငွေကျပ်၈၀၀၀)၊ ဆီ ၅၀ ကျပ်သား (ငွေကျပ် ၂၄၀၀)၊ ကြက်ဥ ငါးလုံး(ငွေကျပ် ၁၀၀၀)၊ ဘဲဥ ငါးလုံး(ငွေကျပ် ၁၅၀၀)ဖြင့် ရောင်းချပေးခဲ့ရာ ယနေ့တွင် သုံးပြည်ပါဆန်အိတ်ပေါင်း ၁၀၀၀ ရောင်းချပေးခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း မန္တလေးတိုင်းဒေသကြီး (အသင်းခွဲ)အတွင်းရေးမှူး ဦးစိုင်းကျော်က ပြောသည်။

"ကျွန်တော်တို့က ဆန်ကုန်သည်များအသင်းဆိုတော့ ဆန်ရောင်းတဲ့အခါ ဆီကိုလည်း ရောင်းပေးချင်လို့ မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနကို အကူအညီတောင်းပြီး စီစဉ်ခဲ့တယ်။ ဆီက အပြင်ဈေးထက် ထက်ဝက်သက်သာတယ်"ဟု ၎င်းက ပြောသည်။

ဆန်နှင့် ဆီ ဝယ်ယူသူ ရပ်ကွက်သားတစ်ဦးက "အခုလို ရပ်ကွက်ထဲထိ ဈေးချိုချိုနဲ့ လာရောင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဓိက ဆန်နဲ့ဆီကို ဈေးချိုချိုနဲ့ ဝယ်လို့ရတာရယ်၊ ကြက်ဥ၊ ဘဲဥရော ဈေးချိုချိုရလို့ တော်တော်အဆင်ပြေပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆန်ကို အိတ်လိုက်မဝယ်နိုင်ဘူး။ ဆန်တစ်ပြည်ချင်းပဲ ဝယ်စားရတာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း မန္တလေးတိုင်းဒေသကြီး(အသင်းခွဲ)က အခြေခံလူတန်းစားများရှိရာသို့ ရောင်းချမှုမှာ တတိယမြောက်ရက်ဖြစ်ပြီး လာမည့်ရက်များတွင်လည်း အခြားရပ်ကွက်များသို့ ဆက်လက်ရောင်းချပေးမည်ဖြစ်၍ ရောင်းချရာတွင် အသင့်ချုပ်ပြီးသော ဆန်သုံးပြည်ပါအိတ်ပေါင်း ၂၈၀၀ ကို မန္တလေးတိုင်းဒေသကြီးအသင်းခွဲက ဦးဆောင်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **မောင်အေးချမ်း**

## ကယားပြည်နယ်အစိုးရအဖွဲ့ မယ်စဲ့ခရိုင်၊ မြို့နယ်မှ ယာယီတိုက်ပွဲရှောင်ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့်ငွေနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲ ပေးအပ်ပွဲအခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ




**လွိုင်ကော် ဩဂုတ် ၁၇**

ကယားပြည်နယ် အစိုးရအဖွဲ့က မယ်စဲ့ခရိုင်၊ မြို့နယ်မှ လွိုင်ကော်မြို့သို့ယာယီတိုက်ပွဲရှောင် ရောက်ရှိလာပြီး တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့်ငွေနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် နယ်မြေဒေသ အခြေအနေအရ လွိုင်ကော်မြို့သို့ ယာယီတိုက်ပွဲရှောင်ရောက်ရှိပြီး တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၏ နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ကျေပွန်မှု၊ သစ္စာရှိမှုများကို အသိအမှတ်ပြုပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးနေကြောင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့်အတူ လက်တွဲ၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက မယ်စဲ့ခရိုင်၊ မြို့နယ်မှ ယာယီတိုက်ပွဲရှောင် ရောက်ရှိလာပြီး လွိုင်ကော်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့်ငွေနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲများ ပေးအပ်ရာ အဆိုပါမြို့နယ်များရှိ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ယာယီတိုက်ပွဲရှောင် ဝန်ထမ်းများက တစ်ဦးချင်း မိတ်ဆက်ကြပြီး တက်ရောက်လာကြသည့် ဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်ရှိ နမ့်တဘတ်မွေးမြူရေး သမဝါယမအသင်းသားများအား ပံ့ပိုးချေးငွေများ ပေးအပ်

**ဟိုပုံး ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်သမဝါယမအသင်းစုက ဟန်လွဲကျေးရွာအုပ်စု နမ့်တဘတ်မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းသို့ သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ ပံ့ပိုးချေးငွေပေးအပ်ပွဲကို အဆိုပါအသင်းရုံးခန်း၌ ကျင်းပရာ ဒေသဝက်မွေးမြူမည့် နမ့်တဘတ်မွေးမြူရေးအသင်းသားများသို့ ဒေသဝက် အကောင်ရေ ၈၅ ကောင်အတွက် တန်ဖိုးငွေကျပ် ၂၁၂ ဒသမ ၅ သိန်းကို အသင်းသားများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖြည့်စွက်ဖတ်ရှုပါရန်

ဩဂုတ် ၁၇ ရက် ကြေးမုံသတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြပါရှိသော (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီးများ တက်ရောက် သတင်း၏ ကော်လံ ၅ ဒုတိယပိုဒ်တွင် **"မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ ပါဝင်ပြသခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး"** အစား **"မြန်မာနိုင်ငံအနေဖြင့် ကုန်စည်ပြပွဲကို နှစ်စဉ်ပါဝင်ပြသခဲ့ပြီး ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ယခုကဲ့သို့ ပါဝင်ပြသခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ..."** ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**စာတည်း**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စတုတ္ထအကြိမ်မြောက် လန်ချန်း-မဲခေါင် Audiovisual Week ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စတုတ္ထအကြိမ်မြောက် လန်ချန်း-မဲခေါင် Audiovisual Week ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ကူမင်း ဩဂုတ် ၁၇**

တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန(NRTA)၊ ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ ပူးပေါင်းပြုလုပ်သည့် 4th Lancang-Mekong Audiovisual Week ဖွင့်ပွဲအခမ်းအနားကို ကူမင်းမြို့ရှိ ယူနန်မီဒီယာဂရုစတူဒီယိုခန်းမ(၁)၌ ဩဂုတ် ၁၆ ရက် ညပိုင်းတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တောင်နှင့် တောင်အာရှနိုင်ငံများနှင့် အတူ မဲခေါင်ဒေသနိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကောင်စစ်ဝန်ချုပ်များ၊ လန်ချန်း-မဲခေါင် နိုင်ငံများနှင့် သီရိလင်္ကာနိုင်ငံတို့မှ မီဒီယာများနှင့် ပင်မမီဒီယာများမှ ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံ၏ NRTA မှ တာဝန်ရှိသူကိုယ်စားလှယ်များ၊ အိမ်နီးချင်း ပြည်နယ်များ၏ ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများမှ ကိုယ်စားလှယ်များ၊ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဌာနများမှ သတင်းဗျူရိုများ၊ Jiangsu ပြည်နယ်၊ Fujian ပြည်နယ်၊ Guangdong ပြည်နယ်၊ Guangxi Zhuang ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ Hainan ပြည်နယ် စသည်တို့မှ ကိုယ်စားလှယ်များ၊ CPC ယူနန်ပြည်နယ် ကော်မတီနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရနှင့် ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို အဖွင့်အမှာစကား ပြောကြားခြင်းနှင့် အနုပညာဖြင့် ဖျော်ဖြေခြင်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်ခဲ့ရာ တောင်နှင့် တောင်အာရှနိုင်ငံများမှ မီဒီယာဌာနများနှင့် ပင်မမီဒီယာနယ်ပယ်မှ တာဝန်ရှိသူ ကိုယ်စားလှယ်များက နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန(The National Radio and Television Administration of China-NRTA) ဒုတိယဝန်ကြီး Mr. Yang Guorui၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး Dr. Khieu Kanharith၊ ယူနန်ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Ms. Yang Yang၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Phosy Keomanyvong တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် အမှန်တကယ် ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မီဒီယာကဏ္ဍမှ အသိပညာများ၊ သတင်းအချက်အလက်များ ပေးပို့နိုင်မှုသည် လွန်စွာအရေးကြီးလှပါကြောင်း၊ ထို့ကြောင့် လန်ချန်း-မဲခေါင်နိုင်ငံများ၏ မီဒီယာများအကြား အပြန်အလှန်ဆက်သွယ်ချိတ်ဆက်ရေး၊ သင်ယူလေ့လာရေး၊ လက်တွေ့ပူးပေါင်းဆောင်ရွက်ရေးများ ပိုမိုအားကောင်းလာစေရန်အတွက် "မီဒီယာပေါင်းစည်းမှု" ကိစ္စရပ်များကို ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နေကြခြင်း ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် လန်ချန်း-မဲခေါင်နိုင်ငံများရှိ ပြည်သူများ အချင်းချင်းအကြား ရင်းနှီးဆက်နွယ်မှုများ၊ ပိုပြီးနီးကပ်သည့် ထိတွေ့ဆက်ဆံမှုများနှင့် အတူ အေးအတူပူအမျှ အသိုက်အဝန်းကို အတူတကွ ထူထောင်နိုင်မည် ဖြစ်ပါကြောင်း။

ယခုလို လုပ်ဆောင်မှုသည် ယခုနှစ် စတုတ္ထအကြိမ် ကျင်းပသော Audiovisual Week ၏ ဆောင်ပုဒ်ဖြစ်သည့် **"လန်ချန်း-မဲခေါင် ရုပ်/သံမီဒီယာ အတူလက်တွဲပူးပေါင်းဆောင်ရွက်မှုမှသည် ရွှေရောင်အခန်းကဏ္ဍဆီသို့" (Enjoy Lancang-Mekong Audiovisual Extravaganza and Co-Compose the Golden Chapter)** ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံအစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေရင်း မိမိတို့ပြည်သူများ မျှော်မှန်းသည့်၊ မိမိတို့တိုင်းရင်းသားများ လိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ပြီး လုပ်ဆောင်လျက်ရှိပါကြောင်း။

**မြှင့်တင်ဆောင်ရွက်လျက်ရှိ**

ဤရည်မှန်းချက် ပေါက်မြောက်အောင်မြင်အောင် ထိထိရောက်ရောက် အထောက်အကူပြုနိုင်သော အချက်များထဲတွင် အရေးကြီးသော အရာတစ်ခုမှာ မီဒီယာကဏ္ဍပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း မြန်မာနိုင်ငံအနေဖြင့် မီဒီယာကဏ္ဍကို အစဉ်တစိုက် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

လန်ချန်း- မဲခေါင် နိုင်ငံများအကြား ကဏ္ဍစုံပေါင်းစည်းဆောင်ရွက်ကြရာတွင် သတင်းနှင့် မီဒီယာ အခန်းကဏ္ဍကိုလည်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာစံနှုန်း၊ ကျင့်ဝတ်များနှင့်အညီ ခေတ်မီ မီဒီယာနည်းပညာများကို သင်ယူလေ့လာနိုင်ခွင့်၊ အသုံးချနိုင်ခွင့်၊ ဖလှယ်နိုင်ခွင့်ရရှိစေရန် အတူပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ဒေသတွင်းနိုင်ငံအချင်းချင်း သတင်းဖလှယ်မှုများ၊ မီဒီယာများအကြား ကူးလူးဆက်ဆံမှုများ ပိုမိုတိုးတက်လာမည့်အပြင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူများအတွက် သတင်းမှန်များသိရှိနိုင်မှု အခွင့်အလမ်းများလည်း ပိုမိုတိုးတက်ရရှိလာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစီအစဉ်အရ တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန(NRTA)နှင့် သီရိလင်္ကာသမ္မတနိုင်ငံတို့အကြား China Television Theater ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် Mekong Look App စတင်ခြင်း အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

Mekong Look App ကို လန်ချန်း-မဲခေါင်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် ဘာသာစကားတို့ကို အသုံးပြုကာ အွန်လိုင်းရုပ်သံ အစီအစဉ် ထုတ်လွှင့်နိုင်ရေးအတွက် ယူနန်မီဒီယာအုပ်စု(Yunnan Media Group)က တည်ထောင်ထားခြင်းဖြစ်သည်။ ယခု ၂၀၂၃ ခုနှစ် ဩဂုတ်လကုန်ထိ ယင်း App ကို တရုတ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းဘာသာစကားတို့ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ၂၀၂၅ ခုနှစ်ကုန်တွင် လာအို၊ မြန်မာနှင့် ဗီယက်နမ် ဘာသာစကားတို့ဖြင့် ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံ အနေဖြင့်လည်း လန်ချန်း-မဲခေါင်အဖွဲ့ဝင်တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ပါဝင်လုပ်ဆောင်သွားမည်ဖြစ်ပြီး နားလည်မှုသဘောတူစာချုပ်များ ချုပ်ဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အခမ်းအနားကို လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်နေမှု အစီအစဉ်များ၊ ယခင်ကျင်းပခဲ့မှုများ၊ တိုးတက်ဖြစ်ထွန်းလာသည့် အစီအစဉ်နှင့် အကြောင်းအရာများကို ဗီဒီယိုမှတ်တမ်းများဖြင့် ပြသပြီး ဒေသတွင်းနိုင်ငံများ၏ နည်းပညာများဖြင့် တင်ဆက်ပြသခဲ့ကြောင်း သိရသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ဖွင့်ပွဲအခမ်းအနား မစတင်မီ လန်ချန်း- မဲခေါင် ဒေသတွင်းနိုင်ငံများမှပြန်ကြားရေးဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကောင်စစ်ဝန်များ၊ ရုပ်သံလွှင့်ဌာနအကြီးအကဲများ သီးခြားတွေ့ဆုံပြီး ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ NRTA ၏ ဒုတိယဝန်ကြီးနှင့် ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အတူ ယူနန်မြို့ရှိ ထင်ရှားသော Yunnan Famous Tea Museum သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။ **သတင်းစဉ်**

# ဓနုဖြူမြို့နယ်၌ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ကျင်းပ



**ဓနုဖြူ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ပြင်ကသာကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (ပြင်ကသာ)၌ ကျင်းပသည်။

ဦးစွာ အ.ထ.က(ပြင်ကသာ) ကျောင်းအုပ်ဆရာကြီး ဦးနိုင်မင်းအေးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မေစိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မေစိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးအောင်ဇော်လင်းက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(ပြင်ကသာ)မှ ကျောင်းသားကျောင်းသူများက "လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် ကြီးပွားရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တက်ရောက်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# နျူကလီးယားနှင့် ဆက်စပ်နယ်ပယ်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတက္ကသိုလ်များမှ ဘွဲ့ရရှိခဲ့ကြသော မြန်မာနိုင်ငံမှ ကျောင်းသားဟောင်းများ၊ ရုရှားတက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ROSATOM မှ ကိုယ်စားလှယ်များ၏ ပထမဆုံးအကြိမ်တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း “ROSATOM” နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ နျူကလီးယားနှင့် ဆက်စပ်နယ်ပယ်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတက္ကသိုလ်များမှ ဘွဲ့ရရှိခဲ့ကြသော မြန်မာနိုင်ငံမှ ကျောင်းသားဟောင်းများ၊ ရုရှားတက္ကသိုလ်များမှ ကိုယ်စားလှယ်များနှင့် ROSATOM မှ ကိုယ်စားလှယ်များ၏ ပထမဆုံးအကြိမ်တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း “ROSATOM” မှ Ms. Vera Upirova, Senior project manager ဦးဆောင်သည့် ROSATOM မှ ကိုယ်စားလှယ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ကိုယ်စားလှယ်များနှင့် ရုရှားတက္ကသိုလ်များရှိ နျူကလီးယားနည်းပညာနှင့် ဆက်စပ်ပညာရပ်နယ်ပယ်များတွင် တက်ရောက်ပညာသင်ကြားခဲ့ကြပြီး မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေကြသော ကျောင်းသားဟောင်းများ၊ ရုရှားနိုင်ငံရှိ တက္ကသိုလ်များတွင် သွားရောက်ပညာသင်ကြားကြမည့် ကျောင်းသားကျောင်းသူများအပါအဝင် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး ရုရှားနိုင်ငံတွင် ယခုလက်ရှိပညာသင်ကြားနေကြသော မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ကျောင်းသားဟောင်းများတွေ့ဆုံပွဲကို မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများဖြင့်ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများသည် ပညာရေးကဏ္ဍ၊ နျူကလီးယားနည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတင်းအချက်နှင့် နည်းပညာကဏ္ဍ



နှင့် အခြားသောကဏ္ဍများတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား အပြန်အလှန် မိတ်ဖက်ဆက်ဆံရေး မြှင့်တင်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ MEPhI တက္ကသိုလ်ကျောင်းသားဟောင်းများက အင်တာဗျူးဖြေဆိုခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများလဲလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# “စီးပွားရေးစာချုပ်စာတမ်းများအကြောင်း သိကောင်းစရာ” ခေါင်းစဉ်ဖြင့် အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေးအစီအစဉ် (Knowledge Sharing Program-KSP) အရ ကျင်းပသည့် ဆွေးနွေးပွဲအမှတ်စဉ် (၃၂)ကို “ စီးပွားရေးစာချုပ်စာတမ်းများအကြောင်း သိကောင်းစရာ” ခေါင်းစဉ်ဖြင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမနှင့် အဆင့်မြင့် စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်းခန်းမတို့၌လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက အွန်လိုင်းမှ လည်းကောင်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယနေ့တွင် စီးပွားရေးစာချုပ်စာတမ်းအမျိုးအစားများ၊ စာချုပ်ချုပ်ဆိုမှု အမျိုးအစားအလိုက် လိုက်နာရမည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဥပဒေရေးရာ စည်းကမ်းသတ်မှတ်ချက်များနှင့် စာချုပ်စိစစ်အကြံပြုမှုဆိုင်ရာများကို ဆွေးနွေးသွားမည်ဟု သိရကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ယနေ့ဆွေးနွေးမည့်အကြောင်းအရာများကို အလေးထားမှတ်သားခြင်း၊ အပြန်အလှန်မေးမြန်းဆွေးနွေးခြင်းတို့ဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက် ပြန်လည်အသုံးချပြီး နိုင်ငံတော်အတွက် ပိုမိုထိရောက်အကျိုးရှိစေရေး ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအကြံအဉာဏ်ပေးရေးဦးစီးဌာန စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ရေဝတာက စီးပွားရေးဆိုင်ရာစာချုပ်စာတမ်းမူကြမ်းများ စိစစ်အကြံပြုခြင်းနှင့် သက်ဆိုင်သည့် ဥပဒေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲမှုဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာညွှန်ကြားချက်များနှင့် B.O.T နှင့် မြေငှားစာချုပ်စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption_ASEAN-PAC)၏ (၁၉)ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးကို ဩဂုတ် ၁၆ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမြို့ရှိ Sofitel Angkor Phokeethra Golf & Spa Resort ဟိုတယ်တွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ASEAN-PAC အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အတူ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။



အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၃ ရက်က ဘရူနိုင်းနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဌာနမှ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ကာလအတွင်း Virtual Format ဖြင့် ကျင်းပခဲ့သည့် ASEAN-PAC ၏ (၁၈) ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ ကမ္ဘောဒီးယားနိုင်ငံ ACU ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ကာလအတွင်း တက်ရောက်ခဲ့သည့် အစည်းအဝေးများနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ASEAN-PAC e-Booklet မူကြမ်းအပေါ် ဆွေးနွေးခြင်း၊ ASEAN-PAC e-Booklet တရားဝင်ဖြန့်ဝေနိုင်ရေး ကိစ္စရပ်အပေါ် ဆွေးနွေးခြင်း၊ ASEAN-PAC ၏ (၁၉) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို နိုဝင်ဘာလတွင် ကျင်းပနိုင်ရေးအတွက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် လာအိုနိုင်ငံ SIA မှ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြခြင်း၊ ASEAN-PAC ၏ (၁၉) ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေး ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ASEAN-PAC Portal တွင် သတင်းလွှင့်တင်နိုင်ရေး အတည်ပြုခြင်း၊ ASEAN-PAC Contact List နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ Focal Point သတ်မှတ်ခြင်းတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှုများ၊ အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ ASEAN-PAC အပါအဝင် ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ အဖွဲ့ဝင်နိုင်ငံအချို့နှင့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ဆောင်ရွက်နေမှုများ၊ ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (Anti-Corruption Unit-ACU) မှ ကိုယ်စားလှယ်များ၊ ASEAN-PAC အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိဗ္ဗာန်ရည်စူး ကြည်နူးဖူးမြော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်

ခင်ရတနာ

၁၂-၈-၂၀၂၃ ရက်နေ့ (စနေနေ့)ဒုတိယဝါဆို လပြည့်ကျော် ၁၁ ရက်။ နေမပူ၊ မိုးမရွာ၊ နံနက်ခင်း လေပြည်လေညင်းနှင့် ခြေခင်းလက်ခင်းကလည်း သာလှသည်။ မိုးပြာရောင် ကောင်းကင်နောက်ခံတွင် တင့်တယ်စွာ စံပယ်နေတော်မူသည့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွား ဆင်းတုတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရန် ရပ်ဝေးရပ်နီး ခရီးအသွယ်သွယ်တို့မှ ရောက်ရှိလာကြသည့် ရဟန်းရှင်လူ ပြည်သူများက ရင်ပြင်တော်ပြည့်လုနီးမျှ အုန်းအုန်းကျွက်ကျွက် စည်ကားလျက်ရှိသည်။ ကြည်နူးချမ်းမြေ့ခြင်း၊ အေးချမ်းသာယာခြင်း၊ ဝမ်းမြောက်ပျော်ရွှင်ခြင်း တို့က လူတိုင်းကိုယ်စီ၏ အစ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန်တို့တွင် ထင်ဟပ်လျက်၊ ကုသိုလ်တရားနှင့် စိတ်ကောင်း စိတ်မြတ်တို့က ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းနေသည်ဟု မှတ်ယူခံစားမိသည်။



ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် မြန်မာမှာသာမက ကမ္ဘာတွင်ပါ ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် **"မာရဝိဇယ"** ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီး စံပယ်တော်မူရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံနယ်မြေသို့ စတင်ဝင်ရောက်လာချိန်မှစ၍ မြင်သမျှ၊ တွေ့သမျှ ရှုခင်းမြင်ကွင်းတို့က လောကတံထွာခမ္မတာတည်းဟူသော ဘဝအမောတို့ကို ပြေပျောက်စေကာ အအေးဓာတ်၊ အငြိမ်းဓာတ်တို့ကို ရရှိခံစားစေသည်။ ထို့ပြင် မြန်မာမှုအနုပညာ၊ ခေတ်မီနည်းပညာများနှင့် ထုထည်အင်အားကြီးမားလှစွာသော လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာ၊ သဒ္ဓါတရားတို့ပေါင်းစပ်ကာ သမိုင်းတွင်အောင်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည့် ရုပ်ပွားဆင်းတုတော်မြတ်ကြီး၏ ကြီးမားခံ့ညားထည်ဝါမှုကလည်း ဖူးမြော်ကြည်ညို၍မဝ၊ အံ့သြ၍မကုန်နိုင်ဖွယ်ပင် ဖြစ်သည်။

## ဘူမိဖဿမုဒြာ

ဗုဒ္ဓဆင်းတုတော်များ ထုလုပ်ပူဇော်ကြရာ၌ မုဒြာဟန်အမျိုးမျိုးရှိသည့်အနက်မှ မာရဝိဇယဆင်းတုတော်ကြီးအား ဘူမိဖဿမုဒြာဟန်ဖြင့် စကျင်ကျောက်သားဖြင့် ထွင်းထုပူဇော်ထားခြင်းဖြစ်သည်။ ဗုဒ္ဓဘုရားရှင် ဘုရားအဖြစ်သို့ရောက်ရှိတော်မူပြီး ဗောဓိပင်ရင်း အပရာဇိတပလ္လင်ထက်ဝယ် သီတင်းသုံးစံပယ်တော်မူစဉ် မာရ်နတ်မင်းသည် ဘုရားရှင်အား သုံးလောက၏ ညွတ်ရိုးဦးခိုက်မည့်အဖြစ်ကို မလိုလားသည့်အတွက် မာရ်စစ်သည်အပေါင်းတို့နှင့်အတူ လက်နက်အမျိုးမျိုး စွဲကိုင်ကာ လာရောက်တိုက်ခိုက်ခဲ့ရာ မြတ်စွာဘုရားရှင်က မဟာပထဝီမြေကြီးကို သက်သေညွှန်းခြင်းဖြင့် မာရ်စစ်သည်အပေါင်းအား အောင်နိုင်တော်မူခဲ့သည့်ဟန်ကို ဖော်ညွှန်းထားခြင်းဖြစ်သည်။

ထို့ကြောင့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးတွေ့ရသည်မှာ ဘူမိဖဿမုဒြာဟန်၏ ဂုဏ်အင်များဖြစ်သည့် ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ (ရှေးမဆွကပင် တင်ကြိုပြုခဲ့ဖူးသည့် ကောင်းမှုနှင့် ပြည့်စုံခြင်း)၊ အတ္တသမ္မာပဏိဓိမင်္ဂလာ (တစ်နေ့ထက်တစ်နေ့ ကောင်းမှုများ ဖြည့်ဆည်းခြင်း)၊ ခန္တီစ (သည်းခံခြင်း)၊ ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿန ကမ္ပတိ (လောကဓံတရားရှစ်ပါးတို့အား မတုန်မလှုပ်သောစိတ်ဖြင့် ခိုင်ခိုင်မတ်မတ် ရင်ဆိုင်ခြင်း) စသည့်မင်္ဂလာတရားတော်တို့ကိုလည်းကောင်း၊ ဘုရားရှင်၏ သစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ ဥပေက္ခာပါရမီတို့ကိုလည်းကောင်း နက်ရှိုင်းစွာ ကြည်ညိုသဒ္ဓါစိတ်ဖြင့် ရှုမြင်နိုင်မည်ဖြစ်ပါသည်။

## စိတ်နှလုံးကြည်နူးရသည့်နေ့

"မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး"ဟု ရွှေစာလုံးဖြင့် ပုံဖော်ရေးသားထားသော ခမ်းနားထည်ဝါသည့် မုခ်ဦးကြီးက ဘုရားဖူးတို့၏ စိတ်နှလုံးကို ဆွဲဆောင်ညို့ငင်ထားသည်။ ကမ္ဘာပေါ်တွင် ဉာဏ်တော်အမြင့်ဆုံး စကျင်ကျောက် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်ဝါးထင်ထင် ဖူးမြော်ခွင့်ရရှိတော့မည်ဟု အတွေးစိတ်ကူးများဖြင့် ဘုရားဖူးများ၏ မျက်နှာပေါ်ဝယ် ချမ်းမြသည့် အပြုံးကိုယ်စီဖြင့်ရှိနေသည်။ စစ်ဆေးရေးဂိတ်၌ အမည်စာရင်းပေးခြင်း၊ ဝင်ခွင့်ကတ်ပြားလဲလှယ်ခြင်းနှင့် လုံခြုံရေးအတွက် စနစ်တကျစစ်ဆေးခြင်းများ ပြုလုပ်ကြရပြီး ခရီးသွားများက ဝင်ခွင့်ရရှိရန် အပြုံးချိုချိုဖြင့် ဝန်ဆောင်မှုပေးနေသည့် လုံခြုံရေးဝန်ထမ်းများကို ဖြတ်ကျော်ကာ ဗုဒ္ဓဥယျာဉ်တော်အတွင်း မကြာမီရောက်ရှိခဲ့သည်။

မုခ်ဦးအဝင် လမ်းနံဘေးတွင် သစ်ပင်ပန်းမန်များဖြင့် အလှဆင်စိုက်ပျိုးထားပြီး ဘုရားဖူးအမျိုးသမီးအချို့ စုပေါင်းဓာတ်ပုံရိုက်၊ အနားယူအပန်းဖြေလျက်ရှိသည်ကို တွေ့ရသည်။ "သံဃာတော်တွေနဲ့ သီလရှင်တွေ၊ သက်ကြီးဘိုးဘွားတွေ၊ နာမကျန်းသူတွေ စီးနင်းနိုင်ပါတယ်ခင်ဗျာ" ဟု မော်တော်ယာဉ်ငယ်(ဘက်ဂီ) မောင်းနှင်သူ လူငယ်လေးက ဖိတ်ခေါ်သည်ကို တွေ့ရသည်။ ဘက်ဂီယာဉ်လေးများကား ဘုရားကြီးရှိရာနှင့် မုခ်ဦးဝသို့ လူးလားခတ်မျှ မောင်းနှင်ပို့ဆောင်ပေးနေသလို မော်တော်ကားပေါ်မှ သက်ကြီးအဘိုးအဘွားများက လမ်းလျှောက်အဖွဲ့များကို လက်ပြနှုတ်ဆက်ကြသည်။

ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံအတွင်းသို့ မုခ်ဦးအဝမှ လှမ်းမျှော်ကြည့်ပါက လက်ဝဲဘက်ခြမ်းကုန်းတော်ပေါ်၌ မိုးတိမ်သားတို့နောက်ခံထားကာ တိမ်ဖြူများနှင့် တစ်သားတည်းဖြစ်သယောင် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြင်ရသည်။ မုခ်ဦးအဝင် လမ်းလက်ယာဘက်ခြမ်း ဘုရားကြီး၏ မျက်နှာချင်းဆိုင်တွင်မူ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ပိဋကတ်သုံးပုံကို ပါဠိ၊ Romanize ဘာသာတို့ဖြင့် ရေးထိုးထားသည့် ကျောက်စာချပ်များရှိရာ ကျောက်စာရုံစေတီများ၊ လက်ဝဲခြမ်းတွင် မဟာဗုဒ္ဓဝင်ကျမ်းဂန်များနှင့်အညီ တည်ထားကိုးကွယ်သည့် မုစလိန္ဒကန်တော်နှင့် နဂါးရုံဘုရားတို့အား ကြည်ညိုဖွယ် စတင်ဖူးမြင်ရသည်။

ထိုမှသည် ဘုရားဖူးခရီးသည်များ ခေတ္တနားနေတည်းခိုနိုင်ရန်အတွက် မြန်မာမှုအနုသုခုမလက်ရာ အပြည့်အစုံတို့ဖြင့် ခြယ်မှုန်းအပ်သည့် သုဓမ္မာဇရပ်များသို့ ရောက်ရှိခဲ့သည်။ ဇရပ်များပေါ်၌ များပြားလှသည့် ဘုရားဖူးများက အစုလိုက်၊ အဖွဲ့လိုက် ဘုရားဖူးအတွေ့အကြုံများ ပြောဆိုနေကြပြီး အချို့မှာ စတုဒိသာကျွေးမွေးသည့် သက်သတ်လွတ် ဒံပေါက်ထမင်းဟင်းလျာများကို တပျော်တပါး သုံးဆောင်နေကြသည်။ အေးမြသော လေအဝေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီး၏ သဒ္ဓါမိပတိခေါင်းလောင်းတော်ကြီး၏ သာယာသည့် မြည်သံကို ကြားရသည်။

ရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ တက်ရောက်ရန်အတွက် စက်လှေကားထည့်သွင်း တည်ဆောက်ထားပြီး ရင်ပြင်တော်ပေါ်သို့ ခြေချမိသည်နှင့်တစ်ပြိုင်နက် စကျင်ကျောက်သား ရင်ပြင်၏ အေးမြသောအရသာကို စတင်ထိတွေ့ခံစားမိသည်။ ထို့နောက် တပ်မတော်သားများနှင့် မြန်မာဗိသုကာအင်ဂျင်နီယာများ၏ ရှေးမူမပျက် ရတနာပုံခေတ်လက်ရာနှင့် ခေတ်မီနည်းပညာတို့ စနစ်တကျ ပေါင်းစပ်တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ စကျင်ကျောက်ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးသော **"မာရဝိဇယ"** ရုပ်ပွားတော်မြတ်ကြီးအား အနီးကပ်ဖူးမြော်ခွင့်ရခဲ့ပါပြီ။

မျက်လွှာချဟန် အေးချမ်းလွန်းသည့် မျက်နှာတော်အနေအထား၊ ဘူမိဖဿဟန် ဖြူလွတောက်ပလွန်းလှသည့် စကျင်ကျောက်သားရုပ်ပွားတော်ကြီးအား ကြည်ညိုသဒ္ဓါအပြည့်ဖြင့် ဘုရားဂုဏ်တော်များ ပွားများနေကြသည့် ဗုဒ္ဓဘာသာဝင်များနှင့် ဝိပဿနာအားထုတ်၍ အေးချမ်းမှုရှာဖွေနေကြသူများကို အောင်မြေအပါအဝင် ရင်ပြင်တော်ပေါ်ရှိ နေရာအသီးသီးတွင် မြင်တွေ့ရသည်။ ဆင်းတုတော်ကြီး၏ လက်ယာဘက်တွင် တံခွန်တိုင်နှင့် လက်ဝဲဘက်တွင် သဒ္ဓါမိပတိခေါင်းလောင်းတော်ကြီး ရှိသည်။ ရင်ပြင်တော်ပတ်လည်တွင် ပဋ္ဌာန်းမြတ်ဒေသနာကို **စာမျက်နှာ ၉ သို့** ❄

ဗုဒ္ဓဆင်းတုတော်များ ထုလုပ်ပူဇော်ကြရာ၌ မုဒြာဟန်အမျိုးမျိုးရှိသည့်အနက်မှ မာရဝိဇယဆင်းတုတော်ကြီးအား ဘူမိဖဿမုဒြာဟန်ဖြင့် စကျင်ကျောက်သားဖြင့် ထွင်းထုပူဇော်ထားခြင်းဖြစ်သည်။ ဗုဒ္ဓဘုရားရှင် ဘုရားအဖြစ်သို့ရောက်ရှိတော်မူပြီး ဗောဓိပင်ရင်း အပရာဇိတပလ္လင်ထက်ဝယ် သီတင်းသုံးစံပယ်တော်မူစဉ် မာရ်နတ်မင်းသည် ဘုရားရှင်အား သုံးလောက၏ ညွတ်ရိုးဦးခိုက်မည့်အဖြစ်ကို မလိုလားသည့်အတွက် မာရ်စစ်သည်အပေါင်းတို့နှင့်အတူ လက်နက်အမျိုးမျိုး စွဲကိုင်ကာ လာရောက်တိုက်ခိုက်ခဲ့ရာ မြတ်စွာဘုရားရှင်က မဟာပထဝီမြေကြီးကို သက်သေညွှန်းခြင်းဖြင့် မာရ်စစ်သည်အပေါင်းအား အောင်နိုင်တော်မူခဲ့သည့်ဟန်ကို ဖော်ညွှန်းထားခြင်းဖြစ်

# အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်ချက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားပေးစက်ရုံများမှထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို ပင်မဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းများတည်ဆောက်၍ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၂။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တည်ဆောက်ပြီးစီး၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ခဲ့သည့် မဟာဓာတ်အားလိုင်းများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် မြို့ပြဧရိယာပြင်ပရှိ တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများ၏ ဗို့အားအဆင့်အလိုက် လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၇ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် (၂၇၉/၂၀၂၃) အား ၂၀၁၄ ခုနှစ်၊ လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ (ခ)အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထုတ်ပြန်ထားရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| စဉ် | ဗို့အားအဆင့် | လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေ (ပေ) | |
|---|---|---|---|
| | | ဓာတ်အားလိုင်း၏ ဗဟိုမျဉ်းမှ တစ်ဖက်တစ်ချက်သို့ အကျယ် | စုစုပေါင်း အကျယ် |
| ၁။ | ၅၀၀ ကေဗွီ (သို့မဟုတ်) ၅၀၀,၀၀၀ ဗို့ | ၁၀၀ ပေ | ၂၀၀ ပေ |
| ၂။ | ၂၃၀ ကေဗွီ (သို့မဟုတ်) ၂၃၀,၀၀၀ ဗို့ | ၇၅ ပေ | ၁၅၀ ပေ |
| ၃။ | ၁၃၂ ကေဗွီ (သို့မဟုတ်) ၁၃၂,၀၀၀ ဗို့ | ၇၅ ပေ | ၁၅၀ ပေ |
| ၄။ | ၆၆ ကေဗွီ (သို့မဟုတ်) ၆၆,၀၀၀ ဗို့ | ၂၅ ပေ | ၅၀ ပေ |

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

❊ **စာမျက်နှာ ၈ မှ**

ရည်စူးတည်ထားသည့် ဂန္ဓကုဋိတိုက်များကိုလည်း အနုလက်ရာအမျိုးမျိုးဖြင့် ပုံဖော်တည်ဆောက်ထားပြီး အတွင်း၌ သရုပ်ဖော်ဗုဒ္ဓဝင်ပန်းချီများအား ဘုရားဖူးများက စိတ်ဝင်တစားကြည့်ရှုလေ့လာခွင့် ရရှိကြသည်။

ဘုရားရင်ပြင်တော်ပေါ်မှ လှမ်းမျှော်ကြည့်ရှုပါက ကျောက်စာရုံစေတီများ၊ မြန်မာမှုအနုလက်ရာ၊ ခေတ်မီဗိသုကာလက်ရာတို့ဖြင့် မြန်မာ့ယဉ်ကျေးမှုကို အထွတ်တင်ပေါင်းစပ်ဖော်ညွှန်းထားပြီး သာသနာတော်အခမ်းအနားများ ကျင်းပနိုင်ရန် သံဃာအပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဆံ့ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ ရေပန်းရင်ပြင်များ၊ ရေပန်းဝိုင်းများ၊ ရတနာပုံခေတ်လက်ရာအတိုင်း တည်ဆောက်ထားသည့် သုဓမ္မာဇရပ် ခြောက်ဆောင်၊ မော်ကွန်းတိုက်၊ ရတနာပုံနန်းမြို့အဝင် မင်္ဂလာတံတား၊ အဝင်မုခ်ဦးနှစ်ခု စသည့်အခြံအရံကုသိုလ်တော်များကို မြင်တွေ့ရပြီးနောက် လာရောက်ဖူးမြော်ကြသည့် ဧည့်ပရိသတ်အပေါင်းတို့က အလှူရှင်အပေါင်းတို့အား သာဓုအကြိမ်ကြိမ် ခေါ်ဆိုကြသံကိုလည်း ဘုရားဖူးခရီးစဉ်အတွင်း စဉ်ဆက်မပြတ်ကြားခဲ့ရသည်။

ဘုရားကြီးရင်ပြင်တော်ပေါ်မှအဆင်း သာသနာ့ဗိမာန်တော်ကြီးသို့သွားရာ လမ်းခုလတ်၌ အလှူခံဌာနထားရှိပြီး အလှူရှင်များက တိုးမပေါက်အောင် လှူဒါန်းကြသည့် မြင်ကွင်းမှာ ကျက်သရေရှိလှပါသည်။ သာသနာ့ဗိမာန်တော်ကြီး၌ အဓိဋ္ဌာန် ပုတီးစိပ်သူ၊ တရားထိုင်သူများနှင့် လေ့လာသူများဖြင့် မပြတ်စည်ကားလျက်ရှိကာ ထိုမှတစ်ဖန် မြတ်ဗုဒ္ဓ၏ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများအား စကျင်ကျောက်ချပ်များပေါ်တွင် ပါဠိအက္ခရာ၊ Romanize ဘာသာတို့ဖြင့် မမှားမယွင်းအောင် ပညာရှင်တို့ အထပ်ထပ်စိစစ်၍ ရေးထိုးထားသည့် ကျောက်စာရုံတို့တွင်လည်း အမှတ်တရဓာတ်ပုံရိုက်ကူးသူ၊ လေ့လာသူများပြားလှသည်။ စစ်ဘက်နှင့် အရပ်ဘက် အင်ဂျင်နီယာများနှင့် မြန်မာမှုဗိသုကာပညာရှင်များ၏ လက်ရာများကို နောင်လာနောက်သားတို့ တစ်လက်စတည်း လေ့လာနိုင်မည့် ပညာ့ဘဏ်တိုက်၊ သာသနာဘဏ်တိုက်ကြီးဟု ရှုမြင်မိပါသည်။

မာရဝိဇယဘုရားကြီးအား ဖူးမြော်ရင်းက ကမ္ဘာ့ကျော် ဗုဒ္ဓဆင်းတုတော်ကြီးများ အကြောင်းကို စေ့ငုကြည့်မိသည်။ တရုတ်နိုင်ငံ လင်ရှန်းပြည်နယ်ရှိ Grand Buddha၊ အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တော်ရှိ မတ်ရပ်စကျင်ဆင်းတုတော်ဘုရားကြီး၊ ထိုင်းနိုင်ငံ ဖူးခက်မြို့ရှိ Big Buddha၊ ဂျပန်နိုင်ငံရှိ ကမာကူရ ကြေးဆင်းတုတော်ကြီး၊ ဟောင်ကောင်ရှိ Tian Tan Buddha စသည့် ထင်ရှားသည့် မြတ်စွာဘုရားဆင်းတုတော်များကဲ့သို့ပင် “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် ၆၃ ပေနှင့် ပလ္လင်အမြင့် ၁၈ ပေခန့်ရှိပြီး ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး စကျင်ကျောက်ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီးဖြစ်လာခဲ့ရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် သီတင်းသုံးစံပယ်ရာ မိမိတို့နိုင်ငံသားတိုင်း၊ ဗုဒ္ဓဘာသာတိုင်းအဖို့ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။

## နှစ်ပေါင်းရာထောင်ချီတည်တံ့အောင် ထိန်းသိမ်းရမည့်အမွေ

ဘုရားဖူးမြော်ရန် လာရောက်သူများအား သတ်မှတ်ထားသည့် စည်းကမ်းချက်အချို့ကို မြင်တွေ့ရသည်။ ခဲတံ၊ marker pen များနှင့် Correction Pen များ၊ နှုတ်ခမ်းနီ၊ လက်သည်းဆိုးဆေး၊ အိမ်သုတ်ဆေး၊ မှုတ်ဆေး စသည့် စွန်းထင်းစေနိုင်သည့်ပစ္စည်းများ ယူဆောင်ခွင့်မပြုခြင်းပင်။ ပုဂံခေတ်လက်ရာ နံရံဆေးရေးပန်းချီများ မပျောက်ပျက်ရအောင် မနည်းကြိုးစား ထိန်းသိမ်းနေကြရသည်။ ရွှေတိဂုံဘုရားမှအစပြု၍ မဟာမြတ်မုနိ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများမှသည် မင်းကွန်းခေါင်းလောင်းကြီးပါမကျန် သာသနိကအဆောက်အအုံများ၌ မရှိသင့်သည့် အမှတ်အသားများ၊ ခြစ်ရာများနှင့် အမည်များကို လက်ရေးအမျိုးမျိုးဖြင့် မင်အမျိုးမျိုးသုံးကာ အကျည်းတန်စွာ ရေးခြစ်ကြသည်ကို မြင်ခဲ့ရဖူးသည်။ ဘာသာတရားအပေါ်၊ ယဉ်ကျေးမှုအပေါ် ထိန်းသိမ်းရာမရောက် ဖျက်ဆီးရာရောက်သည်ကို သတိပြုရန် လိုအပ်ပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးသည် နောင်နှစ်ပေါင်း ရာထောင်ချီ၍ မြန်မာ့မြေပေါ်ဝယ် ဝင့်ထည်စွာတည်ရှိနေမည့် နိုင်ငံ၏ ကျက်သရေဖြစ်သည်။ နှစ်ပေါင်းများစွာ တည်တံ့နေစေရန် မိုးဒဏ်၊ လေဒဏ်၊ လျှပ်ဒဏ်စသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိရန် အလှူရှင်များ၊ အစိုးရတာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများက အချိန်ကုန်၊ ငွေကုန်ခံကာ ရှုထောင့်ပေါင်းစုံမှ စဉ်းစားသုံးသပ်တွက်ချက်၍ တည်ထားသကဲ့သို့ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် အစီအမံများ ချမှတ်နေကြသည်။ ထိုကဲ့သို့ နိုင်ငံတိုင်းတွင် အထင်ကရနေရာများ၊ အဆောက်အအုံများ၊ ဘာသာရေးအထိမ်းအမှတ်အရာများအား နှစ်ပေါင်းထောင်ချီတည်တံ့စေရန် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များ၏ အန္တရာယ်ကင်းဝေးစေရန် နေ့နေ့ညည စောင့်ရှောက်နေကြသည်ကို တွေ့ရှိရသည်။

“မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ အစပြု၍ ပိဋကတ်သုံးပုံကျောက်စာချပ်များ၊ သုဓမ္မာဇရပ်များ၊ ဗိမာန်တော်ကြီးတို့မှသည် ကျောက်သားရင်ပြင်တော်အထိ တန်ဖိုးထားစောင့်ရှောက်ရမည့် အမွေအနှစ်များပင်ဖြစ်သဖြင့် နှစ်ပေါင်းများစွာ အဓွန့်ရှည်စေရန်မှာ ဗုဒ္ဓဘာသာဝင်များအားလုံး၊ မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ပြီး ကိုယ်ပိုင်အသိဖြင့် ဂုဏ်ယူစွာ နှစ်ပေါင်းရာထောင်ချီ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေဟု ဆုမွန်တောင်းရင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားဖူးခရီးစဉ် မြင်ကွင်းအချို့အား မျှဝေလိုက်ရပါကြောင်း။ ။



# အင်္ဂပူမြို့နယ် ရွှေတောင်စုခေတ်မီစံပြကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

**အင်္ဂပူ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကကြီးမှူး၍ အင်္ဂပူမြို့နယ် မကျီးကုန်းကျေးရွာအုပ်စု ရွှေတောင်စုခေတ်မီစံပြကျေးရွာတွင် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရေးအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက အမှာစကားပြောကြားပြီး ဦးစီးအရာရှိဦးရှုကြည်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ကျေးရွာကော်မတီဝင်များထံ ဝင်ငွေတိုးလုပ်ငန်းစုများကို လွှဲပြောင်းပေးသည်။ သင်တန်းကာလမှာ ဩဂုတ်၁၇ရက်မှ စက်တင်ဘာ၁၅ရက်အထိ ဖြစ်ကြောင်း သိရသည်။ **မန်းကျော်( ပြန်/ဆက်)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ လပတ်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လပတ်အစည်းအဝေး (၄/၂၀၂၃) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော ကောင်စီဝင်များက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဇူလိုင် ၂၆ ရက်က နေပြည်တော်၌ ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့်



မဏ္ဍိုင် (၄)ရပ် အလုပ်ရုံဆွေးနွေးပွဲ ရလဒ် (၁၆)ချက်နှင့် အဆိုပါ ဆုံးဖြတ်ချက်ရလဒ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး၊ သတင်းမီဒီယာလုပ်ငန်း ဆိုင်ရာကိစ္စများနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌက လိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းပေးသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင် ၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကျောက်စာတွေ ထွင်းထုထားတာလည်း လက်ရာပြောင်မြောက်ပါတယ်။ ဒါတွေက ရှေးလက်ရာတွေကိုလည်း မီပါတယ်။ ပုဂံပြည်က ကျောက်စာတွေအတိုင်းပါပဲ။ ထွင်းထုထားတဲ့လက်ရာတွေကတော့ တိုးတက်လာတဲ့ခေတ်နဲ့အညီ အဆင့်အတန်းမြင့်မားလွန်းတာကို တွေ့ရတယ်

ဦးမာနိတ

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသော ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၁၇ ရက်တွင်လည်း လာရောက်ဖူးမြော်သည့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်သို့ လာရောက်ဖူးမြော်သူများအနက်မှ တချို့အား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်။


ဦးမာနိတ


ဦးပညာဇေ


ဦးသန့်ဇင်


ဦးသာရ


မောင်ဇွဲကိုကို


ဒေါ်ညိုညိုစိန်

**ဦးမာနိတ (ထန်းတပင်မြို့နယ်)**

ဦးဇင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူရိုင် ထန်းတပင်မြို့နယ် မိုးမခကျောင်းတိုက်ကပါ။ မနက် ၄ နာရီလောက်ထွက်လာတာပါ။ မာရဝိဇယဘုရားကြီးဟာ ကမ္ဘာပေါ်မှာအကြီးဆုံးဆိုတော့ ဦးဇင်းတို့အနေနဲ့ ဝမ်းသာမိပါတယ်။ ကျောက်စာတွေ ထွင်းထုထားတာလည်း လက်ရာပြောင်မြောက်ပါတယ်။ ဒါတွေက ရှေးလက်ရာတွေကိုလည်း မီပါတယ်။ ပုဂံပြည်က ကျောက်စာတွေအတိုင်းပါပဲ။ ထွင်းထုထားတဲ့ လက်ရာတွေကတော့ တိုးတက်လာတဲ့ ခေတ်နဲ့အညီ အဆင့်အတန်း မြင့်မားလွန်းတာကို တွေ့ရတယ်။ အခုချိန်မှာ လူအတော်များများက ကျောက်စာတွေ များပြားတော့ အကုန်လုံး ပြည့်ပြည့်စုံစုံ မဖတ်နိုင်ကြဘူး။ ဘုရားကြီးပရိဝုဏ်အတွင်းမှာတော့ အဆင့်မြင့်တဲ့ ဗိသုကာလက်ရာတွေ၊ စိတ်ကြည်နူးမှုတွေ၊ ပတ်ဝန်းကျင့်ရဲ့ သာယာမှုတွေကို တွေ့ရတယ်။ ပြီးတော့ ဒီကိုလာရတဲ့အကျိုးက အတော်ကိုထူးမြတ်ပါတယ်။ အကျိုးကျေးဇူးရှိပါတယ်။ ဒီဘုရားကြီးကို နိုင်ငံတော်အကြီးအကဲတွေက တည်ထားပေးတဲ့အတွက် ပြည်သူပြည်သားတွေနဲ့ ခုနစ်ရက်သားသမီးတွေအားလုံး စိတ်ကြည်နူးမှုရပါတယ်။ ရောက်အောင်လည်း လာရောက်ဖူးမြော်ကြဖို့လိုပါတယ်။ ရောက်လာလို့ ဘုရားကြီးကို ဖူးမြော်လိုက်ရတာနဲ့ပဲ စိတ်ရော၊ လူရော မွန်းကျပ်နေတာတွေ ပြေပျောက်စေပါတယ်။ ဘုရားကြီးရဲ့ မေတ္တာဓာတ်ကြောင့် စိတ်ထဲမှာ အေးချမ်းသွားတဲ့ ခံစားမှုတွေရရှိကြမှာပါ။

**ဦးပညာဇေ (တောင်ငူမြို့)**

ဦးဇင်းကတော့ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁)ရပ်ကွက် ထီးလှိုင် အဘယသုခစာသင်တိုက်ကပါ။ စာသင်တိုက်က သံဃာတော်တွေ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်ရအောင် လိုက်ပါပို့ဆောင်ခြင်းဖြစ်ပါတယ်။ ဘုရားကြီးရဲ့ ပတ်ပတ်လည်မှာရှိတဲ့ ဂန္ဓကုဋိတိုက်တွေမှာ ဗုဒ္ဓဝင်ဇာတ်တော်တွေကို ပန်းချီကားချပ်တွေနဲ့ ရေးဆွဲထားတာတွေ၊ စကျင်ကျောက်တွေပေါ်မှာ ၂၄ ပစ္စည်း အဓိပ္ပာယ်တွေကို ဖွင့်ဆိုသရုပ်ဖော်ရေးသားထားတဲ့ ပန်းပုလက်ရာတွေ တွေ့ရှိရပါတယ်။ ပြီးတော့ ပဋ္ဌာန်းအသံတွေ ဖွင့်ထားတော့ စိတ်ထဲမှာ ကြည်နူးမိပါတယ်။ ဘုရားကြီးကလည်း ကြည်ညိုစရာကောင်းပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တွေအနက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက အကြီးဆုံးဆိုတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ပြီးတော့ ဗုဒ္ဓရဲ့ ရုပ်ပွားဆင်းတုတော်တွေကို တည်ထားကိုးကွယ်ကြသူတွေနဲ့ ဘုရားဂုဏ်တော်တွေကို အာရုံပြုကိုးကွယ်၊ လိုက်နာ၊ ကျင့်ကြံကြတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအပါအဝင် ကမ္ဘာသူကမ္ဘာသားတွေ အားလုံး ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်း အပေါင်းကင်းငြိမ်းပြီးတော့ ကျန်းမာချမ်းသာဖို့အတွက် ဒီဘုရားကြီးကို တည်ထားကိုးကွယ်ထားတယ်လို့ပဲ မြင်မိပါတယ်။

**ဦးသန့်ဇင် (ရမည်းသင်းမြို့နယ်)**

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သဲကွဲကျေးရွာကပါ။ ဘုရားကြီးက သပ္ပာယ်ပြီး ကြည်ညိုစရာကောင်းတယ်။ ကမ္ဘာပေါ်မှာ အကြီးဆုံးဆိုတော့ တအံ့တဩဖြစ်ရပါတယ်။


ကိုဇော်ထက်


မောင်အောင်ပိုင်ကျော်

ဘုရားကြီးရဲ့ မျက်နှာတော်က အခြားဘုရားတွေနဲ့မတူဘဲ ထူးခြားတယ်လို့ခံစားရပြီး ဖူးလို့မဝအောင်ဖြစ်ရပါတယ်။ ပြီးတော့ ကျောက်စာရုံစေတီဘက်မှာဆိုရင် ဗုဒ္ဓရဲ့ နှုတ်ကပါဌ်တော်တွေကို မပျောက်ပျက်အောင် စကျင်ကျောက်တွေပေါ်မှာ ထွင်းထုရေးသားထားပြီး ထိန်းသိမ်းထားတာဟာ အတော်လေးတန်ဖိုးရှိပါတယ်။ နောင်တစ်ချိန်မှာ နောင်လာနောက်သားတွေအတွက် အမှတ်တရမှတ်တိုင်တစ်ခုလို့ပဲ မြင်မိပါတယ်။

**ဦးသာရ (ပျဉ်းမနားမြို့နယ်)**

ကျွန်တော်က ပျဉ်းမနားမြို့ကပါ။ ဘုရားကြီးက ကြီးကျယ်ခမ်းနားပါတယ်။ စိတ်ထဲမှာ အတော်ဘဝင်ကျမိသလို အင်မတန်မှလည်း ကြည်ညိုစရာကောင်းပါတယ်။ လည်စရာ၊ ပတ်စရာတွေနဲ့ လေ့လာစရာတွေ အများကြီးပါ။ ဂန္ဓကုဋိတိုက်ထဲမှာရှိတဲ့ ပန်းချီကားတွေ လက်ရာအတော်ကောင်းတယ်။ မှတ်သားစရာတွေလည်းပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးမြသလွန်နဲ့ မန္တလေးကဘုရားတွေမှာ လေ့လာဖူးတယ်။ ဒါပေမဲ့ ဒီမှာရှိတဲ့ ဗိသုကာလက်ရာတွေကျ ခေတ်စနစ်တွေပြောင်းလဲလာတော့ အတော်လေးလည်း အဆင့်မြင့်သွားတယ်။ ကျောက်စာရုံစေတီတွေမှာရှိတဲ့ ကျောက်စာတွေလည်း ဒီအတိုင်းပါပဲ။ ဒါတွေအားလုံးဟာ ကမ္ဘာ့အဆင့်မီပါတယ်။ တအားကျေနပ်ပီတိဖြစ်ရပါတယ်။

**မောင်ဇွဲကိုကို (တောင်ငူမြို့)**

ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတာ ရင်ထဲမှာ အတော်အေးချမ်းသွားပါတယ်။ ဘယ်လိုပြောရမလဲဆိုတော့ ဖူးမြော်ရတဲ့ အချိန်မှာ အပြင်မှာ နေပူနေတယ်။ ဒါပေမဲ့ ရင်ထဲမှာ မပူဘဲအေးချမ်းနေတယ်။ ဂန္ဓကုဋိတိုက်ဘက်မှာ ရေးဆွဲထားတဲ့ ပန်းချီကားတွေဆိုရင် အမြင်သစ်တယ်။ အခြားနေရာတွေမှာဆိုရင် ဆေးရောင်၊ ဆေးသားတွေ မှိန်နေတာ၊ အနံ့နံတာတွေ ရှိတယ်။ ဒီမှာဆို အားလုံးက သစ်လွင်နေတယ်။ လာရောက်ဖူးမြော်တဲ့သူတွေလည်း အတော်များတယ်ဆိုတော့ အခြားသူတွေလည်း ဗဟုသုတရစရာတွေ၊ ကြည်ညိုသဒ္ဓါပွားများစရာတွေ အများကြီးရကြလိမ့်မယ်လို့ ထင်မိပါတယ်။

**ဒေါ်ညိုညိုစိန် (ပျော်ဘွယ်မြို့နယ်)**

ကျွန်မတို့ မနက် ၅ နာရီလောက်က ထွက်လာတာပါ။ ရုပ်မြင်သံကြား ကြည့်ရတော့ ဖူးချင်တာနဲ့ လာရောက်ဖူးမြော်တာပါ။ ကိုယ်တိုင် လာရောက်ဖူးမြော်လိုက်တော့လည်း ကြည်ညိုစရာကောင်းပြီး ဝမ်းသာပီတိဖြစ်ရတယ်။ ဘုရားပရိဝုဏ်ကလည်း အကျယ်ကြီးပဲ။ ရှုခင်းအလှအပတွေလည်းအများကြီးပဲ။ ဓာတ်ပုံတွေလည်းရိုက်ပြီးပြီ။ ကျောက်စာရုံစေတီတွေကလည်း အများကြီးပဲ။ ခရီးဝေးကလာရတာဆိုတော့ အကုန်လုံး မဖူးမြော်နိုင်ဘူး။ ဘာပဲပြောပြော ဒီဘုရားကြီးကို လာရောက်ဖူးမြော်ရတာ ကြည်နူးစရာလည်းကောင်းသလို ပျော်စရာလည်းကောင်းပါတယ်။

**ကိုဇော်ထက် (မဟာအောင်မြေမြို့နယ်)**

ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ကပါ။ ကျွန်တော်တို့ မိသားစုအားလုံး လာရောက်ဖူးမြော်တာပါ။ ဘုရားကြီးကို စကျင်ကျောက်သားနဲ့ ထွင်းထုပြီး တည်ထားကိုးကွယ်ထားတဲ့အတွက် အမြင်တစ်မျိုးနဲ့ အံ့ဩမိသလို ကြည်ညိုစိတ်လည်း ဖြစ်မိပါတယ်။ ကျွန်တော်တို့ မနေ့ညကတည်းကရောက်တာ။ ဒီနေ့မှာပဲ လာဖူးတာပါ။ ကျောက်စာတွေဆိုရင် မန္တလေးမှာရှိတဲ့ ကုသိုလ်တော်ဘုရားမှာ ရှိတယ်။ အဲဒီမှာကတော့ ရှေးဟောင်းလက်ရာတွေပါ။ ဒီမှာက သပ်သပ်ရပ်ရပ်နဲ့ဆိုတော့ အမြင်တစ်မျိုးဖြစ်ရတယ်။ လွန်ခဲ့တဲ့ နှစ် ၁၀၀ လောက်က အင်ဂျင်နီယာတွေနဲ့ အခုအင်ဂျင်နီယာတွေရဲ့ အမြင်ကတော့ မတူညီနိုင်ဘူးလေ။ ဘာပဲပြောပြော ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအားလုံးဟာ ဘုရားရိပ်၊ တရားရိပ်အောက်ရောက်သွားရင် အေးချမ်းသွားကြတာပါ။ အခု ဒီဘုရားကြီးကိုလည်း လာရောက်ဖူးမြော်ကြပါလို့ ပြောချင်ပါတယ်။

**မောင်အောင်ပိုင်ကျော် (အထက – ၆ နေပြည်တော်)**

ကျွန်တော်ကတော့ နေပြည်တော် အထက (၆) Grade 11 က ကျောင်းသားပါ။ ဒီကိုလာရောက်ဖူးမြော်တာကတော့ ကျောင်းက ဘုရားဖူးခရီးစဉ်နဲ့ လာတာပါ။ ကျောင်းသား ကျောင်းသူပေါင်း ၁၀၀ ဝန်းကျင်လောက် ရှိပါတယ်။ ဘုရားကြီးက ကြီးမားတယ်၊ သပ္ပာယ်တယ်၊ ရင်သက်ရှုမောဖွယ်ဖြစ်ရတယ်၊ ကြည်ညိုစရာကောင်းပါတယ်။ ပြီးတော့ ဘုရားကြီးတစ်ဝန်းလုံး စကျင်ကျောက်တွေနဲ့ ဆောက်လုပ်ထားတာဆိုတော့ အအေးဓာတ်ကို ပေးတယ်၊ ဆန်းလည်းဆန်းပြားနေတယ်လို့ ထင်ပါတယ်။ ဒီလိုစကျင်ကျောက်တွေနဲ့ ဆောက်လုပ်ထားတာ အခုမှပဲ မြင်ဖူးတော့တယ်။ ကျောက်စာရုံဘက်ကိုတော့ ကိုယ်သိသလောက် ပြီးမှ သွားရောက်လေ့လာဖတ်ရှုမယ်။ အခုတော့ သူငယ်ချင်းတွေနဲ့ အမှတ်တရဓာတ်ပုံရိုက်မယ်၊ ပြီးမှ သူငယ်ချင်းတွေနဲ့အတူ လိုက်ပြီးစူးစမ်းလေ့လာမယ်။ ဂန္ဓကုဋိတိုက်တွေထဲမှာ ဗုဒ္ဓဝင်ဇာတ်တော်တွေကိုလေ့လာဖတ်ရှုရပါတယ်။ ကျွန်တော်တို့ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်လူရွယ်တွေ ယဉ်ကျေးလိမ္မာလာအောင်ဆိုလို့ရှိရင် ဒါတွေကို ဖတ်ရှုလေ့လာသင့်ပါတယ်။ ပြီးတော့ ဘုရားသမိုင်းနဲ့ ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတတွေ အများကြီးတိုးပွားစေပါတယ်။ အခုလို ဆောက်လုပ်ထားတဲ့ အင်ဂျင်နီယာတွေကိုလည်း ချီးကျူးအားကျမိပါတယ်။

**တွေ့ဆုံမေးမြန်း - အလင်းသစ်၊ သန်းတင်အောင်**
**ဓာတ်ပုံ - နေမျိုး**

## ခန္တီးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးကေပြည့်မီရေး ဆောင်ရွက်

ခန္တီး ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ တောင်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်စုစုခိုင်နှင့်ဝန်ထမ်းများက မြို့နယ်အတွင်း ကွင်းဆင်း၍ တောင်သူများစိုက်ပျိုးစနစ်မှန်ကန်စေရေး၊ အထွက်နှုန်းတိုးမြင့်ရရှိရေး ဟောပြောဆွေးနွေးပြီး လက်တွေ့ အကောင်အထည်ဖော်သရုပ်ပြသခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**၁၁၃၅၆ ကေစိုက်ပျိုးပြီးစီး**

ထိုသို့ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးကေလျာထားချက်မှာ ကေ ၈၃၀၀ ဖြစ်ပြီး လက်ရှိစိုက်ပျိုးပြီးကေ ၇၃၄၆ ကေ၊ ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၅၁ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပါကြောင်း၊ မိုးသီးနှံများအနေဖြင့် အစေ့ထုတ်ပြောင်း ၄၆၅ ကေ၊ ပဲပုပ် ၁၃၈ ကေ၊ မိုးနှမ်း ကေ ၁၃၀၊ ရော်ဘာ ၂၄၉ ကေ၊ စားဖိုဆောင်သီးနှံ ၁၂၅ ကေ၊ လက်ဖက် ၂၈၃ ကေ၊ ပီလောပီနံ ၂၀၅ ကေ၊ ဟင်းသီးဟင်းရွက် ၁၁၁၅ ကေနှင့် အခြားသီးနှံ ကေ ၁၃၀၀ ဖြစ်၍ စုစုပေါင်း ၁၁၃၅၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အေးခိုင်(ပြန်/ဆက်)**

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ်လ(၂၅)ရက် (သောကြာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ်လ(၂၅)ရက်မှ စက်တင်ဘာလ(၁၀)ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်
(၉) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) တောင်ကုတ်တက္ကသိုလ်
(၂၀) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၁) တောင်ကြီးတက္ကသိုလ်
(၂၂) လားရှိုးတက္ကသိုလ်
(၂၃) ကျိုင်းတုံတက္ကသိုလ်
(၂၄) ပုသိမ်တက္ကသိုလ်
(၂၅) ဟသ်ာတတက္ကသိုလ်
(၂၆) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့ လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁၇-၅၃၇၆၇၇၊ ၀၁၇-၅၂၅၆၁၂ နှင့် ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်**သို့ ပထမဦးစားပေးလျှောက်ထားသူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်(၂၆)ခုသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ**သို့ ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
( ခ ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
( ဂ ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
( င ) ဆေးတက္ကသိုလ်၊ မကွေး
( စ ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
( ဇ ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန် ဖြစ်ပါကြောင်းနှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို **ဩဂုတ်လ(၂၅)ရက်မှ စက်တင်ဘာလ (၁၀)ရက်အထိ** စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၁၇-၈-၂၀၂၃)

## နိုင်ငံစီးပွားရေးကိုအထောက်အကူပြုစေမည့် သွင်းအားစုထုတ်လုပ်သည့်လုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မှသည် ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်နိုင်မည့် နည်းပညာများ လက်တွေ့တတ်မြောက်အောင်သင်ယူရန်လိုအပ်



**နေပြည်တော် ဩဂုတ် ၁၇**

လယ်ယာကဏ္ဍကို အခြေခံ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိရာ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံးတွင် သာမကလယ်ယာအခြေခံ အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်းကို တောင်သူများသိရှိပြီး တောင်သူမိသားစုဝင်လူငယ်များ ပိုမိုတက်ရောက် လေ့လာနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် နိုင်ငံစီးပွားရေးကိုအထောက်အကူပြုစေမည့် သွင်းအားစု ထုတ်လုပ်သည့် လုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မှသည် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်မည့် နည်းပညာများကို လက်တွေ့တတ်မြောက်အောင်သင်ယူရန်လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရေဆင်းရှိစက်မှုလယ်ယာသင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လယ်ယာလုပ်ငန်းခွင်တွင် ခေတ်မီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ လေ့လာနိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်များစွာ လိုအပ်လျက်ရှိရာ လူငယ်များ ပါဝင်ရန်လိုအပ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းခြင်း အတတ်ပညာကို သာမန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက်သာမက ကျွမ်းကျင်မှုပိုမိုမြင့်မားလာအောင် ကြိုးစားလေ့လာပြီး စွန့်ဦးတီထွင် လုပ်ငန်းရှင်များ ဖြစ်သည်အထိ ဆက်လက်ကြိုးပမ်းသွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အဆိုပါ စက်မှုလယ်ယာသင်တန်းကျောင်းတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) သင်တန်းအမှတ်စဉ်(၁/၂၀၂၃) ဖွင့်လှစ်ပို့ချလျက်ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခုမှ သင်တန်းသား ၂၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်မှုလယ်ယာဦးစီးဌာနက သုတေသနပြု စမ်းသပ်ဆောင်ရွက်ထားရှိသော လယ်ယာသီးနှံအကြွင်းအကျန်များကို ဆွေးမြည့်လွယ်စေသော လေပေးစနစ်ဖြင့် မြေဆွေးပြုလုပ်ခြင်း (AREATED STATIC COMPOSTING – ASP) နည်းပညာကို စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့အား တစ်ဆင့်ပြန်လည်အသုံးချသွားရန် နည်းပညာလွှဲပြောင်းပေးအပ်ခြင်းကို ကြည့်ရှုအားပေးသည်။

မြေဆွေးပုံ ပြုလုပ်ရာတွင် သီးနှံအကြွင်းအကျန်များဖြစ်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးများ၊ ဟင်းသီးဟင်းရွက် အကြွင်းအကျန်များ လွယ်ကူစွာဆွေးမြည့်စေရန် အပူချိန်နှင့် စိုထိုင်းဆအချိုးမျှအောင် စီမံနိုင်သည့် လေပေးစနစ်ကို စက်မှုလယ်ယာဦးစီးဌာနက ဒီဇိုင်းထုတ် တီထွင်ဆောင်ရွက်ခဲ့ပြီး တောင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ လွယ်လွယ်ကူကူဖြင့် စီးပွားဖြစ် သဘာဝမြေဩဇာပြုလုပ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လေပေး၍ သဘာဝမြေဆွေးပြုလုပ်သော နည်းပညာများကို လက်တွေ့အသုံးချနိုင်ရန်နှင့် တောင်သူလက်ဝယ်သို့ ထိရောက်စွာ ပို့ဆောင်ပေးနိုင်ရန် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုနယ်မြေအတွင်း အခွန်ပညာပေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်တွင်းအခွန်များဦးစီးဌာန ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးအောက်ရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ် စသည့် ငါးမြို့နယ် အခွန်ထမ်းများအား အခွန်ပညာပေးရှင်းလင်းပွဲကို ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါ အခွန်ပညာပေးရှင်းလင်းပွဲသို့ ပြည်ထောင်စုနယ်မြေအတွင်းရှိ သီရိငါးမြို့နယ်မှ စားသောက်ဆိုင်၊ တည်းခိုခန်း/ဟိုတယ်/မိုတယ်နှင့် ရွှေဆိုင်လုပ်ငန်းရှင် စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ပြီး အခွန်ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ပြည်တွင်းအခွန်များဦးစီးဌာနသည် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံတော်မှ ကောက်ခံသောအခွန်အကောက်ရငွေ စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို နှစ်စဉ်ကောက်ခံပေးလျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုံလောက်သည့် ဘဏ္ဍာငွေများ တိုးမြှင့်ရရှိနိုင်ရန်နှင့် လျာထားသည့် အခွန်ငွေများ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စာပေမြင့်မှ လူမျိုးတင့်မည်

စာအုပ်စာပေ လူ့မိတ်ဆွေ

# နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပျဉ်းမနားမြို့ သုခဝိဟာရသရက်ကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဩဝါဒခံယူပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၇

နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရ မဟာထေရ်မြတ်ကြီးအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ သုခဝိဟာရသရက်ကုန်းကျောင်းတိုက်သို့သွားရောက်ဖူးမြော်၍ ဩဝါဒကထာနာယူကြည်ညိုသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ်ရှိ Myanmar Agribusiness Public Corporation Ltd(MAPCO) စက်ရုံဝင်းအတွင်းရှိ စပါးခွံသုံး လောင်စာခတ်ငွေ့စက်ရုံ၊ ဆန်စက် လည်ပတ်ကြိတ်ခွဲနေမှု၊ စပါးများအား အခြောက်ခံစက်ဖြင့် အခြောက်ခံနေမှုနှင့် သဘာဝဓာတ်မြေသြဇာ ထုတ်လုပ်နေမှုများကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေး မြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် မြို့ရှောင်လမ်း ဆက်သွယ်ထားသည့် H-1 လမ်း ဘေးဝဲ/ယာတွင် နှစ်ရှည် အရိပ်ရအပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီက ကြီးမှူး၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဆင့်မြင့် ပညာဦးစီးဌာနနှင့် နေပြည်တော်လူငယ်ရေးရာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို Naypyitaw State Academy ၌ ကျင်းပရာ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ Naypyitaw State Academy ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယနေ့လူငယ်များအနေဖြင့် နောင်တစ်ချိန်တွင် တိုင်းပြည်၏ တာဝန်ကို ထမ်းဆောင်ကြရမည့် နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြောင်း၊ လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားပြီး အတွေးအခေါ် အယူအဆ၊ တီထွင်ဖန်တီးနိုင်မှု၊ စီမံခန့်ခွဲမှုကောင်းမှသာ တိုင်းပြည်၏အနာဂတ်သည် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် ဘဝရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်အကောင်အထည်ဖော်ရာတွင် စာသင်ခန်းထဲ၌ ပညာသင်ကြားရန်သာမက ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သိပ္ပံနည်းပညာများ၊ အိုင်တီပညာများ အထွေထွေဗဟုသုတများ၊ နိုင်ငံတကာအတွေးအမြင် ဗဟုသုတများကို လေ့လာမှတ်သားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ စေ့စပ်ညှိနှိုင်းရေးမှူးနှင့် ကျောင်းသားကျောင်းသူများက လူငယ်နှင့် ခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်နှင့် ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ်အမှတ်(၁၂) "ယုံမှတ်အပ်နှံမှု အက်ဥပဒေ" စာအုပ် ထုတ်ဝေ

နေပြည်တော် ဩဂုတ် ၁၇

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန်စာအုပ်အမှတ် (၁၂) ယုံမှတ်အပ်နှံမှုအက်ဥပဒေ (The Trusts Act) စာအုပ်ကို ထုတ်ဝေလိုက်သည်။

ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ၂၀၁၅ ခုနှစ်တွင် ဥပဒေဘာသာပြန်ကော်မရှင် အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ကိုလိုနီခေတ်က အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိရာ ယခုအကြိမ်တွင် ဘာသာပြန်စာအုပ်အမှတ် (၁၂) ယုံမှတ်အပ်နှံမှု အက်ဥပဒေ(The Trusts Act)ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါ စာအုပ်သည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ မူလစာမူနှင့် အလားတူအာဏာတည်ကြောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဥပဒေဘာသာပြန်ကော်မရှင်၏ အမိန့်အမှတ် (၁/၂၀၂၃)ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခုဘာသာပြန်စာအုပ် အမှတ် (၁၂) ယုံမှတ်အပ်နှံမှုအက်ဥပဒေ (The Trusts Act)စာအုပ်၏ မြန်မာဘာသာပြန်ဆိုချက်များကို မူလစာမူနှင့် ယှဉ်တွဲဖတ်ရှုလေ့လာနိုင်ရန်အတွက် မူလအင်္ဂလိပ်စာမူကိုလည်း ထည့်သွင်းဖော်ပြထားသည်။

သို့ဖြစ်၍ ယခု ဘာသာပြန်စာအုပ်အမှတ် (၁၂) ယုံမှတ်အပ်နှံမှုအက်ဥပဒေ (The Trusts Act) စာအုပ်သည် တရားဝင်ကိုးကားသုံးစွဲနိုင်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေ ရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အဖိုးတန်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး လူတိုင်းအတွက် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## တိရစ္ဆာန်ထုတ်ကုန်အစားအစာများတွင် ဆေးကြွင်းများ၏ ဘေးအန္တရာယ်ဖြစ်နိုင်မှုကို စောင့်ကြည့်လေ့လာစစ်ဆေးခြင်း ဒေသဆိုင်ရာသင်တန်း ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၇

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ Vision Mission ဖြစ်သော Food Security and Food Safety ၏ လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေသည့် တိရစ္ဆာန်ထုတ်ကုန်အစားအစာများတွင် ဆေးကြွင်းများ၏ ဘေးအန္တရာယ်ဖြစ်နိုင်မှုကို စောင့်ကြည့်လေ့လာစစ်ဆေးခြင်း ဒေသဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် မင်းဓမ္မလမ်းနှင့် ပြည်လမ်းထောင့်ရှိ တိရစ္ဆာန်အစာနှင့် ဆေးဝါးအရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းဌာနစု သင်တန်းခန်းမ၌ ကျင်းပသည်။




သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ တိရစ္ဆာန်အစာနှင့် ဆေးဝါးအရည်အသွေးစစ်ဆေးရေးဌာနစုနှင့် ပြည်သူ့ကျန်းမာရေးဌာနခွဲတို့မှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်မြင့်ဟန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ သင်ကြားပို့ချမည့် အကြောင်းအရာများ၊ ပဋိဇီဝဓာတ်ကြွင်းများ အန္တရာယ်ထိန်းချုပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားရမည့် နည်းလမ်းများနှင့် အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များကို စားသုံးနိုင်ရန် စောင့်ကြည့်လေ့လာ စစ်ဆေးခြင်းလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိရစ္ဆာန်အစာနှင့် ဆေးဝါးအရည်အသွေးစစ်ဆေးရေးဌာနစုမှ တာဝန်ခံ ဒေါက်တာမိုးမိုးသိန်းနှင့် ပြည်သူ့ကျန်းမာရေးဌာနခွဲမှ ဒေါက်တာအောင်ထွန်းတို့က ဓာတ်ကြွင်းစစ်ဆေးမှုဆိုင်ရာ ထိန်းချုပ်ကွပ်ကဲစောင့်ကြည့်မှု Programme နှင့် ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချကြသည်။

သင်တန်းကာလ နှစ်ရက်တာတွင် အသား၊ ငါး၊ နို့၊ ဥ၊ ပျားရည်တို့မှ အန္တရာယ်ဖြစ်စေနိုင်သော ပဋိဇီဝဓာတ်ကြွင်း စောင့်ကြည့်လေ့လာမှု Program များ ဓာတ်ခွဲစစ်ဆေးသူများ လေ့လာရမည့်ဘာသာရပ်များ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် Food Safety လုပ်ငန်းစဉ်များနှင့် ဓာတ်ခွဲခန်းဝန်ထမ်းများ သိရှိရမည့် အချက်အလက်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် စားသောက်ကုန်တို့၌ ပဋိဇီဝဓာတ်ကြွင်းများကို စောင့်ကြည့်လေ့လာခြင်းဖြင့် နိုင်ငံတိုင်း၌ အန္တရာယ်ဖြစ်စေနိုင်သော ပဋိဇီဝဓာတ်ကြွင်းထုတ်ကုန်များ မည်မျှများပြားလာမှုကို ထိန်းချုပ်ရန် Policy များ ချမှတ်နိုင်ရေး အရည်အသွေးပြည့်ဝ၍ အန္တရာယ်ကင်းသော စားသောက်ကုန်များကို ပြည်သူများ စားသုံးနိုင်ကာ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်ကို တည်ဆောက်နိုင်မည့်အပြင် နိုင်ငံတကာကုန်သွယ်မှုတို့တွင်လည်း ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းကောင်းများကို ရရှိလာစေမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကန္ဒီး**

# ဂျပန်ဝန်ကြီးချုပ်ကီရှီဒါ သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် အမေရိကန်နိုင်ငံသို့ ထွက်ခွာ

**တိုကျို ဩဂုတ် ၁၇**

ဂျပန်ဝန်ကြီးချုပ်ကီရှီဒါက အမေရိကန်နှင့် တောင်ကိုရီးယား ခေါင်းဆောင်များနှင့် သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန်အတွက် အမေရိကန်နိုင်ငံသို့ ယနေ့ထွက်ခွာသွားကြောင်း သိရသည်။

ကီရှီဒါသည် တိုကျိုမြို့ ဟာနီဒါ လေဆိပ်မှ အစိုးရလေယာဉ်ဖြင့် ယနေ့ ထွက်ခွာခဲ့သည်။

**တွေ့ဆုံဆွေးနွေးမည်**

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးတို့အား အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ Camp David အပန်းဖြေစခန်း၌ ဩဂုတ် ၁၈ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲတွင် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကီရှီဒါက သတင်းထောက်များကို ပြောကြားသည်။

ထို့ပြင် ယခုထိပ်သီးအစည်းအဝေးသည် သုံးနိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေမည့် သမိုင်းဝင်အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးပေါင်းဆောင်ရွက်မှု ရယူကာ မြောက်ကိုရီးယားနိုင်ငံက ပြန်ပေးဆွဲခေါ်ယူသွားသည့် ဂျပန်နိုင်ငံသားအားလုံးကို ဂျပန်နိုင်ငံသို့ အမြန်ဆုံးပြန်လည်ခေါ်ဆောင်ရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကီရှီဒါက ပြောသည်။

ကီရှီဒါက အမေရိကန်နှင့် တောင်ကိုရီးယား သမ္မတများနှင့် သီးခြားတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါထိပ်သီးအစည်းအဝေးသည် နိုင်ငံတကာညီလာခံ၏ ပြင်ပတွင် ကျင်းပမည့် ပထမဆုံး သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲဖြစ်လာမည် ဖြစ်သည်။

ခေါင်းဆောင်သုံးဦးက အိန္ဒိယ-ပစိဖိတ်ဒေသတွင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန်နှင့် မြောက်ကိုရီးယားနှင့် တရုတ်တို့၏ လှုပ်ရှားမှုများကို အလေးထားဆွေးနွေးသွားရန်လည်း စီစဉ်ထားသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် သုံးနိုင်ငံ၏ ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် မြောက်ကိုရီးယားမှ ဒုံးကျည်ပစ်လွှတ်မှုများအပေါ် အချိန်နှင့်တစ်ပြေးညီ ဒေတာခွဲဝေမှုများ ဆောင်ရွက်ရန် သဘောတူညီမှုရယူမည်ဖြစ်ကြောင်း သိရသည်။



ထို့ပြင် တစ်ပိုင်း လျှပ်ကူးပစ္စည်းများထောက်ပံ့ရေး၊ ဉာဏ်ရည်တုနှင့် ဆိုက်ဘာလုံခြုံရေးကဲ့သို့သော အဆင့်မြင့် နည်းပညာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရန်လည်း ဆွေးနွေးဖွယ်ရှိသည်။

အလားတူ သုံးပွင့်ဆိုင် ထိပ်သီးအစည်းအဝေးများနှင့် သုံးနိုင်ငံ ဆက်ဆံရေးအဆင့်မြှင့်တင်ရန် ၎င်းတို့၏ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးများအကြား ဆွေးနွေးပွဲများ ပုံမှန်ကျင်းပရန် သဘောတူညီဖွယ်ရှိသည်။

အဆိုပါ ထပ်သီးအစည်းအဝေးတွင် ဂျပန်နိုင်ငံရှိ ဖူကူရှီးမားဒိုင်အိချီ နျူကလီးယား ဓာတ်အားပေးစက်ရုံမှ သန့်စင်ထားသော ရေများကို သမုဒ္ဒရာထဲသို့ ပြန်လည်ထုတ်လွှတ်မည့် ဂျပန်နိုင်ငံ၏ အစီအစဉ်ကို အမေရိကန်နှင့် တောင်ကိုရီးယားခေါင်းဆောင်များက လက်ခံသဘောတူညီမှုရယူရန် ကီရှီဒါက မျှော်လင့်ထားဖွယ်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ကမ္ဘောဒီးယားနိုင်ငံ၌ အစားအစာ ဘေးကင်းလုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်

**ဖနောင်ပင် ဩဂုတ် ၁၇**

ကမ္ဘောဒီးယားနိုင်ငံ၌ အစားအစာဘေးကင်းလုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီး ဒိုက်တီနာ က ဩဂုတ် ၁၆ရက်တွင် ပြောကြားသည်။ ရောဂါပိုးမွှားများပါဝင်သည့် မသန့်ရှင်းသည့် အစားအစာများကို စားသောက်ခြင်းသည် ရောဂါများဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းအရာဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

နိုင်ငံမြို့တော်ဖနောင်ပင်၌ ကျင်းပသည့် စိုက်ပျိုးရေးအစားအစာနှင့်အာဟာရ လုပ်ငန်းကဏ္ဍမှ တာဝန်ရှိသူများတက်ရောက်သည့် အစားအစာဘေးကင်းလုံခြုံရေး အခမ်းအနားတွင် ၎င်းက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

**အဆင်ပြေစေရေး ဆောင်ရွက်**

ရောဂါပိုးမွှားများ ပါဝင်သော အစားအသောက်ကြောင့်ဖြစ်ပွားသည့် ရောဂါဖြစ်ပွားမှုသည် ကမ္ဘောဒီးယားနိုင်ငံတွင် အရေးကြီးသည့် ပြည်သူ့ကျန်းမာရေး ပြဿနာဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသားအားလုံးအတွက် ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ ရရှိစေရေးအတွက် အစားအစာထောက်ပံ့ရေးလမ်းကြောင်းများကို မိမိတို့ဖန်တီးနေပြီး ယင်းထောက်ပံ့ရေးလမ်းကြောင်းများ အဆင်ပြေစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေကြောင်း ၎င်းက မှတ်ချက်ပြုသည်။

အစားအစာဘေးကင်းလုံခြုံရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အစားအသောက် ဘေးကင်းလုံခြုံရေးဆိုင်ရာ နည်းလမ်းများကို စနစ်တကျအကောင်အထည်ဖော်ရန် လိုအပ်သည်ဟု ၎င်းက ပြောကြားသည်။

စားရေရိက္ခာဘေးကင်းလုံခြုံရေးနှင့် စားရေရိက္ခာဖူလုံရေးသည် ကမ္ဘောဒီးယားနိုင်ငံသားများ၏ ကျန်းမာရေးနှင့် သာယာဝပြောရေးကို အထောက်အကူပြုရုံသာမက နိုင်ငံ့စီးပွားရေးကိုပါ အထောက်အကူပြုကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ဌာနေကိုယ်စားလှယ် Nargiza Khodjaeva က ထပ်လောင်းပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# သီရိလင်္ကာနိုင်ငံရှိ ပြည်နယ်များမှ အိမ်ထောင်စု ၅၀၀၀၀ ကျော် ရာသီဥတုပူပြင်းခြောက်သွေ့သည့်ဒဏ် ခံစားနေရ

**ကိုလံဘို ဩဂုတ် ၁၇**

သီရိလင်္ကာနိုင်ငံရှိ ပြည်နယ်များမှ အိမ်ထောင်စု ၅၀၀၀၀ကျော်သည် ရာသီဥတု ပူပြင်းခြောက်သွေ့သည့်ဒဏ်ကို ခံစားနေရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးစင်တာမှ ထုတ်ပြန်သည့် မှတ်တမ်းအရ သိရသည်။

နိုင်ငံအတွင်း ပူပြင်းခြောက်သွေ့မှုအပြင် သောက်သုံးရေရှားပါးမှုဒဏ်ကို နိုင်ငံသား ၁၈၀၀၀၀ ခန့် ခံစားနေရပြီး နိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များမှာ အပြင်းထန်ဆုံးထိခိုက်သည့် ပြည်နယ်များဖြစ်ကြောင်း ၎င်းစင်တာမှ ပြောသည်။

နိုင်ငံအတွင်းရှိ စပါးစိုက်ဧက ၃၇၀၀၀ မှာ ပူပြင်းခြောက်သွေ့မှုကြောင့် ပျက်စီးခဲ့သဖြင့် လယ်သမားများအား တာဝန်ရှိသူများက လျော်ကြေးငွေပေးအပ်ရေး စီစဉ်ဆောင်ရွက်နေသည်။

ဆန်စပါးသည် နိုင်ငံသားများ၏ အဓိက စားရေရိက္ခာဖြစ်ကာ တစ်နှစ်လျှင် နှစ်ကြိမ် စိုက်ပျိုးသည်။



မုတ်သုံရာသီဥတုဖြစ်စဉ်များ ပြောင်းလဲခဲ့သဖြင့် ရာသီဥတုပူပြင်းခြောက်သွေ့မှုများဖြစ်လာရကြောင်းနှင့် ရာသီဥတု ပူပြင်းမှုကို စက်တင်ဘာလကုန်အထိ ကြုံတွေ့ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်း သောက်သုံးရေဖြန့်ဖြူးပေးနိုင်မှုပမာဏ ကျဆင်းလာသဖြင့် သောက်သုံးရေကို ချွေတာသုံးစွဲကြရန် နိုင်ငံသားများအား ရေဖြန့်ဖြူးရေးဘုတ်အဖွဲ့က ပြောသည်။ နိုင်ငံအတွင်း ရေလိုအပ်ချက်မြင့်မားလာသဖြင့် နိုင်ငံသားများအား အတတ်နိုင်ဆုံး အခြားရေရရှိနိုင်သည့်အရင်းအမြစ်များမှ ရယူသုံးစွဲရန် တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ဟာဝိုင်အီကျွန်း၌ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၁၁၀ အထိ မြင့်တက်လာ

**ဟိုနိုလူလူ ဩဂုတ် ၁၇**

ဟာဝိုင်အီကျွန်း၌ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၁၁၀ အထိ မြင့်တက်လာကြောင်း သိရသည်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက လက်ရှိအချိန်အထိ မီးဘေးသင့်ဒေသများ၏ ၃၈ ရာခိုင်နှုန်းကို ရှာဖွေကယ်ဆယ်ရေးများ လုပ်ဆောင်နိုင်ခဲ့ကြောင်းနှင့် သေဆုံးသူများကို ဖော်ထုတ်ရန်၊ DNA အကဲဖြတ်ရာတွင် ကူညီရန် နောက်ထပ်ကျွမ်းကျင်သူများကို စာရင်းသွင်းထားကြောင်း ဟာဝိုင်အီပြည်နယ်အုပ်ချုပ်ရေးမှူး ဂျို့စ်ဂရင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။



ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအတွက် ဖက်ဒရယ်အစိုးရက နောက်ထပ် ဒေါ်လာ သန်းရာပေါင်းများစွာ ထပ်မံပံ့ပိုးပေးမည့် သမ္မတ ဂျိုးဘိုင်ဒင်၏ ကတိပေးသည့် သဝဏ်လွှာကို ဩဂုတ် ၁၆ ရက်တွင် ရရှိခဲ့ကြောင်း ဂျို့စ်ဂရင်းက ပြောသည်။

ဒေသခံပြည်သူ ၂၀၀၀ ခန့်သည် လျှပ်စစ်မီး ပြတ်တောက်နေဆဲဖြစ်ပြီး အိုးအိမ်ဆုံးရှုံးခဲ့ရသည့် ဒေသခံများကိုလည်း ကူညီထောက်ပံ့မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မီးဘေးသင့်ပြည်သူများအတွက် ဟိုတယ်အခန်းအများအပြားကို ထားရှိပေးထားကြောင်းနှင့် ကာလကြာရှည် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများအတွက် အစီအစဉ်များ ရေးဆွဲထားကြောင်းလည်း ၎င်းက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် သြဂုတ် ၁၇**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF သင်တန်းဆင်း လူငယ်များအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒလမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားလေးဦးနှင့် အမျိုးသမီးလေးဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် သြဂုတ် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေအများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် သြဂုတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zayar Min” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက်နေ ဇေယျာမင်းအား မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ “Zuko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်နေ ဖူးကိုအား ည ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Kyaw Min Khant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ကျော်မင်းခန့်(ခ) မင်းခန့်အား ည ၈ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ အာဆီယံမှ**

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ပြည့်ဖြိုးသူ (ဂိုး)၊ ညဏ်လင်းထက်၊ သက်ဟိန်းစိုး၊ လတ်ဝေဘုန်း၊ မင်းမော်ဦး၊ အာကာကျော်၊ စိုးမင်းဦး၊ မိုးဆွေအောင်၊ သန်းတိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ စွမ်းထက်တို့ ပါဝင်ကစားခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်း၏ တစ်ဖက်သတ်ဖိအားပေးခြင်းမခံရဘဲ ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့သည်။ ထိုင်းအသင်းအတွက် ဂိုးများကို ၂၁ မိနစ်တွင် ပိုချိုရာနှင့် ၃၂ မိနစ်တွင် ဝမ်ပါရာပိုတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်ခဲ့ပြီး ထိုင်းအသင်းအတွက် တတိယဂိုးကို ပွဲပြီးခါနီးတွင် ပင်နယ်တီမှတစ်ဆင့်ရရှိခဲ့သည်။ ယင်းပင်နယ်တီကို ၈၈ မိနစ်တွင် ဘူရာဖာကသွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု (က) အခြားပွဲတွင် ကမ္ဘောဒီးယားအသင်းက ဘရူနိုင်းအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် သြဂုတ် ၁၉ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ-MFF**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၈-၂၀၂၃ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ် တေဗျူဂ်သုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ငါးချဉ်ဖိပ်ကမ်းမှသည်...ငါးသယံဇာတ ထိန်းသိမ်းရေးဆီ
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ **'ချွန်တွန်းနှင့်အဝိန့်ဗရအပေါင်ဆိုင်'** (အပိုင်း-၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ကံကြမ္မာမုန်တိုင်း'** (အပိုင်း-၄၆) (ဇာတ်သိမ်းပိုင်း)
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ မျိုးဝှက်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၃၀ Weekly Sport Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြ မြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'ချွန်တွန်းနှင့်အဝိန့်ဗရအပေါင်ဆိုင်'** (အပိုင်း-၄)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနိုင်ငံတော်သံစုံတီးဝိုင်း အထူးဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၂၂:၁၅ "Music Travellers-3" တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်

**mitv**

- 07:01 Evergreen Classic : Zeyatu Sabba Mingalan (Takkatho Lae Lae)
- 07:10 Underwater Photographer
- 07:32 Welcome to the Southern most part of Myanmar
- 07:44 Khema Yama Nunnery School
- 08:01 News
- 08:26 A Visit To Ye's Coastal Area
- 08:42 Impressionist Myanmar Master Artist - U Lun Gywe
- 09:01 Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
- 09:11 A Famous Festival & Its Fantastic Fair (1)
- 09:37 Myanmar Delicate Artistic Creations - Gem Stone Painting
- 10:01 News
- 10:26 Topical Topics (No. 33) To Remedy Patients with Potent Traditional Medicines

**MRTV NRC**

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** ပေါ်လမြိုင်မုန့်ဟင်းခါး
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ပင်လောင်းရှမ်းစတိုင်
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** စာအတူတူပတ်ကြရအောင်
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** သဘာဝတရားတည်ရှိရာထီးပွင့်ကန်တော်ဆီသို့
- **ဝကကကရင် (၁၈:၀၀ မှ ၁၉:၀၀)** တောင်ပေါ်ဒေသသဘာဝပျားဖွပ်လုပ်ငန်း
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ဩဇာသီးရဲ့အကျိုးကျေးဇူး
- **ချင်း (လိုင်စိုး) (၂၁:၀၀ မှ ၂၂:၀၀)** နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်
- **ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** ချင်းသီချင်းကြီး (အပိုင်း-၁)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၁၅ ဗီယက်နမ်အမွေအနှစ် (အပိုင်း-၁)
- ၁၁:၄၅ ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ Football Highlights
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တာဝန်နှင့်လူ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁)
- ၁၈:၀၀ Economic Review (အပိုင်း-၁၅) 'မြန်မာ့စာတိုက်လုပ်ငန်း'

**MRTV FARMERS' / Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ နေကြာစိုက်ပါ ပျားမွေးပါ
- ၀၆:၄၀ နိုင်ငံ့စီးပွားမြင့်မားဖို့ စိုက်မွေးကဏ္ဍမြင့်တင်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ အပင်း (ဇာတ်လမ်း)
- ၂၂:၀၀ Back To Eden Gardening Documentary Film : How to Grow

**MRTV SPORTS / Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၀ Sport Diary-10 (Shooting)
- ၀၇:၄၀ Soccer View
- ၀၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကတ်ဘောအက်ဆေး'** (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း)

Education Channel ကို နေ့စဉ်နံနက် (၉:၁၀)နာရီမှ တစ်ကြိမ်လျှင် (၈)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဖားကန့်မြို့နယ် မနမော်တွင် မြေပြိုကျမှုကြောင့် ရေမျောနစ်မြုပ်သူများအနက် သေဆုံးသူရုပ်အလောင်း ၃၃ လောင်း ရှာဖွေတွေ့ရှိ

ဖားကန့် ဩဂုတ် ၁၇

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာရပ်ကွက် မနမော်ရှိ မျိုးနွယ်ကုမ္ပဏီလုပ်ကွက်ကျင်းဟောင်း ရေကန်တွင် မြေပြိုကျခဲ့မှုကြောင့် ရေကန်အတွင်း ရေမျောနစ်မြုပ်ပျောက်ဆုံးနေသော ရေမဆေးကျောက်ရှာဖွေသူများအနက် ဩဂုတ် ၁၆ ရက် ညပိုင်းအထိ သေဆုံးသူရုပ်အလောင်း စုစုပေါင်း ၃၃ လောင်း ဆယ်ယူတွေ့ရှိထားပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ရေကန်အတွင်း ရှာဖွေရာတွင် အေးမြသာယာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုကူညီရေးအသင်းအဖွဲ့ ၁၂ ဖွဲ့ တို့သည် ဖိုက်ဘာလှေ သုံးစင်း၊ လေထိုးလှေသုံးစင်းတို့ဖြင့် မြေပြိုကျသည့် ကုမ္ပဏီလုပ်ကွက်ဟောင်း ရေကန်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်က သေဆုံးရုပ်အလောင်း ၃၃ လောင်း ရှာဖွေတွေ့ရှိထားပြီး ယနေ့ နံနက်မှ မွန်းတည့် ၁၂ နာရီအထိ သေဆုံးသူရုပ်အလောင်း ထပ်မံမတွေ့ရှိကြောင်းနှင့် ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြစ်ပွားရာတွင် ရေမျောနစ်မြုပ်သေဆုံးသူများ၏ မိသားစုဝင်များအား ဩဂုတ် ၁၅ ရက်မှစတင်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ ထောက်ပံ့ငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ပြည်နယ်အစိုးရအဖွဲ့က အဆိုပါဖြစ်စဉ်တွင် ဒဏ်ရာရရှိသူတစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ခုနစ်ဦးအတွက် စုစုပေါင်း ငွေကျပ် ၂၁ သိန်းနှင့် သေဆုံးသူတစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ၃၁ ဦးအတွက် ငွေကျပ် ၁၅၅ သိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဒဏ်ရာရသူတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ခုနစ်ဦးအတွက်ငွေကျပ် ခုနစ်သိန်းနှင့် သေဆုံးသူတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ၃၁ ဦးအတွက် ငွေကျပ် ၆၂ သိန်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဒဏ်ရာရရှိသူတစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ခုနစ်ဦးအတွက် ငွေကျပ် သုံးသိန်းခွဲနှင့် သေဆုံးသူတစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ၃၁ ဦးအတွက် ငွေကျပ် ၉၃ သိန်း ထောက်ပံ့ပေးအပ်ထားရှိပြီး ကျန်ရှိသူများအား ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြေပြိုကျမှုသည် ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရေကန်အတွင်း မျောပါနစ်မြုပ်သွားခဲ့သော ရေမဆေးကျောက်ရှာသူများအနက် မြေပြိုကျမှုအပြီး ကယ်ဆယ်ထားနိုင်သည့် ဒဏ်ရာရရှိသူ ခုနစ်ဦးအား ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးဝါးများကုသပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မင်းလှမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

မင်းလှ ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ဝါငြိမ်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်ရခြင်းအကြောင်း အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းက ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင်နှင့် ကလေးငယ်များ အာဟာရမျှတစွာ စားသုံးတတ်စေရန်၊ အဏုအာဟာရဓာတ်ဖြစ်စေသည့် အိုင်အိုဒင်းဓာတ်အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကလေးငယ်များကို ဗီတာမင်(အေ)နှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ မုန့်ပဲသရေစာများကျွေးမွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို ဘီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်း၊ အိုင်အိုဒင်းဆား၊ ကြက်ဥနှင့် ပဲနို့ဘူးများ ဖြန့်ဝေပေးခြင်းနှင့် နို့တိုက်မိခင်များကို ဗီတာမင်(အေ)ဆေးလုံးများ တိုက်ကျွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## သထုံမြို့နယ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်းသည့် အသိပညာပေးရှင်းလင်းပွဲကျင်းပ

သထုံ ဩဂုတ် ၁၇

မွန်ပြည်နယ် သထုံမြို့နယ်၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့် အညီပြေစာများအပေါ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။



### ရှင်းလင်းဆွေးနွေး

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်အေးခန့်က အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချိုက အခွန်ပေးဆောင်ရခြင်း၏ ရည်ရွယ်ချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကျင့်သုံးနေသော ဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ရုပ်သံလွှင့်မီဒီယာ၊ ရွှေထည်လက်ဝတ်ရတနာ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်း စသည့် လုပ်ငန်းရှင်များအား ပြေစာထုတ်ပေးခြင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုအား ဒဏ်ငွေတပ်ရိုက်ခြင်း၊ ပျက်ကွက်မှုအား တိုင်ကြားခြင်းတို့နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် အခွန်ထမ်းလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သီပေါမြို့၌ ပြည်သူများအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ

သီပေါ ဩဂုတ် ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းနှင့် ဝန်ထမ်းများက ပြည်သူများအား e-ID စနစ်ဖြင့် ဇီဝဆိုင်ရာအချက်အလက်များကို ကောက်ယူလျက်ရှိရာ ဩဂုတ် ၁၆ ရက်အထိ ဌာနဆိုင်ရာနှင့် ကျောင်းများမှ စုစုပေါင်း ၂၈၄၉ ဦး ကောက်ယူဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ သီပေါမြို့ ဇာတ်စုရပ်ကွက်မှ ပြည်သူများအား မြို့နယ်ဦးစီးမှူးရုံးတွင် ယနေ့ကောက်ယူဆောင်ရွက်ကြကြောင်း သိရသည်။ ၂၁၀



## အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း သင်တန်းဖွင့်

ဇလွန် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ဇလွန်မြို့နယ် သရက်ချောင်းကျေးရွာအုပ်စု ကွင်းကြီးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်စီက စီမံကိန်းသင်တန်းအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက စီမံကိန်းလုပ်ငန်းတာဝန်ကို လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ခေါင်းဆောင်အား ပေးအပ်ပြီး သင်တန်းကို ဩဂုတ် ၁၇ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန် / ဆက်)

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

**သံလွင်မြစ်**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ်**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

# လုပ်ငန်းခွင်ပျော် အလုပ်တော်သော နိုင်ငံ့ဝန်ထမ်းကောင်းများသို့ . . .

မောင်မောင်လင်း

(ယမန်နေ့မှအဆက်)

### အဖွဲ့အစည်းအပေါ်ထားရှိရမယ့်ကတိကဝတ်

အဖွဲ့အစည်းအပေါ်ထားရှိရမယ့်ကတိကဝတ် (Organizational Commitment) ဆိုတာ မိမိဟာ အဖွဲ့အစည်းရဲ့ဗီရှင်းနဲ့ အကျိုးစီးပွားနဲ့ ထပ်တူကျနေရဲ့လားဆိုတဲ့အချက်ပါ။ အဖွဲ့အစည်းဘက်က မျှမျှတတနဲ့ ကောင်းကောင်းမွန်မွန်ဆက်ဆံခြင်းခံနေရသူတစ်ဦးအနေနဲ့ ဝင်လာပြီးဖြစ်တဲ့အလုပ်က အပြီးထွက်တာမျိုး၊ ဌာနပြောင်းတာမျိုးလုပ်ဖို့ ခဲယဉ်းမှာပါ။ ဒါကြောင့် Organizational Commitment အတိုင်းအတာဟာ ဝန်ထမ်းတစ်ဦးချင်းအလိုက် သူ့ဌာနအပေါ် ဘယ်လိုသတ်မှတ်ထားသလဲဆိုတာနဲ့ ဌာနဘက်ကလည်း သူ့အပေါ်ဘယ်လောက်နေရာပေးလဲဆိုတာကိုလိုက်ပြီး ကွဲပြားမှုရှိနေမှာပါ။ မိမိလက်ရှိထမ်းဆောင်နေရတဲ့အလုပ်ကို ကြိုက်ပေမယ့် ဌာနအပေါ် အမြင်မကြည်သူရှိနိုင်သလို ဌာနကိုတော့သဘောကျတယ်၊ ဒါပေမဲ့ လက်ရှိထမ်းဆောင်နေရတဲ့အလုပ်ကို နှစ်သက်ခြင်းမရှိသူ စသဖြင့်ပေါ့။ Organizational Commitment ပုံစံ သုံးမျိုးတွေ့နိုင်ပါတယ်-

(က) **လက်ရှိအလုပ်ကိုနှစ်သက်မှု (Affective Commitment)**။ လက်ရှိအလုပ်နဲ့လုပ်ငန်းခွင်ကို နှစ်သက်မြတ်နိုးတာကြောင့် ဌာနက ပြောင်းရွှေ့ထွက်ခွာလိုစိတ် လုံးဝမရှိမှုမျိုး။ တန်ဖိုးထားယုံကြည်မှုအပေါ် အခြေခံထားတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

(ခ) **ဆက်လက်လုပ်လိုမှု (Continuance Commitment)**။ အခြားရွေးချယ်စရာမရှိလို့၊ ဒါမှမဟုတ် ရွေးချယ်ရမယ့်ဌာနကလည်း လက်ရှိနေရာလောက်မကောင်းလို့ လက်ရှိလုပ်ငန်းဌာနမှာပဲ ဆက်လုပ်နေရတာမျိုး။ ပြောင်းရင်ရမယ့် အကျိုးအမြတ်နဲ့ ဆက်နေရင်ရမယ့်အကျိုးအမြတ်အကြား တွက်ချက်မှုအပေါ် အခြေခံထားတဲ့ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

(ဂ) **စံသတ်မှတ်ခံယူလိုမှု (Normative Commitment)**။ ဝန်ထမ်းအနေနဲ့ ဌာနအပေါ်မှာ လုပ်ပေးရမယ့်တာဝန်ဝတ္တရား (A Sense of Responsibility/Obligation) ရှိတယ်လို့ ခံစားနေရပြီး မထွက်သင့်ဘူးလို့ ဆုံးဖြတ်ထားတာမျိုး။ သူအလုပ်ထွက်သွားခဲ့ ရင် အလုပ်ရှင်နဲ့ လုပ်ဖော်ကိုင်ဖက်တွေ အဆင်မပြေဖြစ်ပြီး စိတ်ပျက်သွားမှာ စိုးရိမ်တဲ့ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

### Exit၊ Voice and Loyalty ဆိုတဲ့သီအိုရီ

ဒီလိုဖြစ်ရပ်မျိုးအပေါ် ဖြေရှင်းနိုင်ဖို့ Exit၊ Voice and Loyalty ဆိုတဲ့သီအိုရီကို အနည်းငယ်ရှင်းပြလိုပါတယ်။ အထက်ပါ သီအိုရီကို စီးပွားရေးပညာရှင် Albert Hirschman က အဲဒီနာမည်နဲ့ပဲ ၁၉၇၀ ပြည့်နှစ်မှာ ရေးသားထုတ်ဝေခဲ့တဲ့စာအုပ်မှာ မိတ်ဆက်ပေးခဲ့ပါတယ်။ သူ့သီအိုရီက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အဖွဲ့အစည်းတစ်ခုကို မကျေနပ်နိုင်ခြင်းမှ ပြုမူလာနိုင်မှု သုံးချက်ကို ဖော်ထုတ်ပေးခဲ့ပါတယ်။ အဖွဲ့အစည်းဆိုတဲ့နေရာမှာ ပြင်ပစီးပွားရေးလုပ်ငန်းမျိုးသာမက အစိုးရအဖွဲ့အစည်းတစ်ခုခုလည်း ဖြစ်နိုင်ပါတယ်။ သူကတော့ ဘယ်လိုအင်စတီကျူးရှင်းမျိုးမှာမဆို ဖြစ်နိုင်တယ်လို့ဆိုတာကြောင့် နိုင်ငံရေးပါတီတွေမှာလည်း အသုံးချနိုင်တဲ့သီအိုရီဖြစ်ကြောင်း အကြံပြုပါတယ်။ ဖြစ်ပေါ်လာနိုင်တဲ့အပြုအမူသုံးရပ်က-

(က) **ထွက်ခွာခြင်း (Exit)**။ အဖွဲ့အစည်း သို့မဟုတ် အင်စတီကျူးရှင်းတစ်ခုကို ကျောခိုင်းဖို့၊ ဒါမှမဟုတ် နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ခြင်းမျိုး၊ ဥပမာအားဖြင့် ဖောက်သည်တစ်ဦးက သူသုံးစွဲနေတဲ့ ကုန်ပစ္စည်းအပေါ် ကျေနပ်မှုမရှိတော့တာကြောင့် ဆက်မဝယ်ယူဖို့ ဆုံးဖြတ်ခြင်း၊ ဒါမှမဟုတ် ပြိုင်ဘက်ကုန်ပစ္စည်းကို ပြောင်းလဲအသုံးပြုတာမျိုး၊ ဝန်ထမ်းတစ်ယောက်ဟာ သူ့ရဲ့လုပ်ငန်းဝန်းကျင်မှာ မပျော်မွေ့တော့တာကြောင့် အလုပ်က နုတ်ထွက်ဖို့ ဆုံးဖြတ်ချက်ချမှတ်တာမျိုးဖြစ်ပါတယ်။ ဒီနေရာမှာ အလုပ်ထွက်တဲ့အထိ အဆုံးအဖြတ်မပြုပေမယ့်လည်း အသိဉာဏ်နဲ့ စိတ်ပိုင်းဆိုင်ရာအရ အလုပ်အပေါ် စိတ်ဝင်စားမှုမရှိတာမျိုး (Cognitive Exit) ကြောင့် မလုပ်မရှုပ်မပြုတ်အနေအထားမျိုးပြုမူတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

(ခ) **အသံတွေထွက်လာခြင်း(Voice)**။ အဲဒီအဆင့်မရောက်မီ သူ့ရဲ့ မကျေနပ်နေမှုတွေကို ထုတ်ဖော်ပြသတာမျိုးနဲ့ အခြေအနေကို ပြောင်းလဲနိုင်ဖို့ ကြိုးပမ်းနေမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ ဖောက်သည်တစ်ဦးဟာ ကုမ္ပဏီထံကို ကွန်ပလိန်းပြုလုပ်တာမျိုး၊ အနုတ်လက္ခဏာဆောင်တဲ့ မှတ်ချက်ပေးတာမျိုး၊ ဝန်ထမ်းအနေနဲ့လည်း သူ့ရဲ့စိတ်ပူပန်နေမှုအပေါ် ဝန်ထမ်းရေးရာဌာန၊ ဒါမှမဟုတ် အထက်လူကြီးထံတင်ပြလာမှုမျိုး ပြုလုပ်နိုင်ပါတယ်။

(ဂ) **သစ္စာစောင့်သိခြင်း (Loyalty)**။ အဖွဲ့အစည်း၊ ဒါမှမဟုတ် အင်စတီကျူးရှင်းကို သူ့အနေနဲ့ မကျေနပ်နေတဲ့ကြားကပင် ဆက်လက်ထောက်ခံအားပေးနေနိုင်ပါသေးတယ်။ သူ့ရဲ့ ကတိကဝတ်ပြုထားခဲ့တာကြောင့်သော်လည်းကောင်း၊ ရွေးချယ်စရာမရှိသေးလို့သော်လည်းကောင်း၊ သူ့ရဲ့ မကျေနပ်မှု၊ ဒါမှမဟုတ် ပြဿနာကို ဖြေရှင်းပြီးစီးသွားပြီလို့ ယူဆလို့သော်လည်းကောင်း လုံးဝကျောခိုင်းတာမျိုးကို မလုပ်သေးတာဖြစ်ပါတယ်။

Hirchman က လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ Exit၊ Voice နဲ့ Loyalty အကြား ရွေးချယ်မှုဟာ ရွေးချယ်မှုတစ်ခုချင်းအလိုက် အကျိုး၊ အပြစ်အပေါ် အမြင်ယူဆချက်ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အဲဒီကိစ္စနဲ့စပ်လျဉ်းပြီး အဖွဲ့အစည်း၊ ဒါမှမဟုတ် အင်စတီကျူးရှင်းဘက်က ပြန်လည်တုံ့ပြန်ဆောင်ရွက်ပေးနိုင်မှုပမာဏကြောင့် လည်းဖြစ်တယ်လို့ဆိုပါတယ်။ အဖွဲ့အစည်း၊ ဒါမှမဟုတ် အင်စတီကျူးရှင်းတွေဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အထက်ကဖော်ပြထားတဲ့ ရွေးချယ်မှုနဲ့စပ်လျဉ်းတဲ့ ဆုံးဖြတ်မှုအပေါ် အရေးတယူဂရုစိုက်တာမျိုးနဲ့ သူတို့ရဲ့လုပ်ငန်းအောင်မြင်ဖို့နဲ့ ရေရှည်တည်တံ့နိုင်ဖို့အတွက် အကျိုးရှိစေဖို့ လုပ်ဆောင်နိုင်စွမ်းရှိတယ်လို့လည်း သူကအကြံပြုထားပါတယ်။

### ဌာနအကြီးအကဲတွေလုပ်ဆောင်သင့်တဲ့နည်းလမ်းများ

အထက်မှာဖော်ပြထားတဲ့ အချက်အားလုံးကို လေ့လာပြီး မိမိဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေရဲ့ လုပ်ငန်းခွင်ရွှင်လန်းတက်ကြွကျေနပ်မှုအဆင့် မြင့်မားလာစေဖို့နဲ့ သူတို့ရဲ့ဌာနအပေါ်ထားရှိတဲ့ ကတိကဝတ်မြင့်မားတိုးတက်လာစေရေးအတွက် ခေါင်းဆောင်မှုပေးနေရတဲ့ ဌာနအကြီးအကဲတွေအနေနဲ့ ဘယ်လိုလုပ်ဆောင်သင့်သလဲဆိုတာ နည်းလမ်းရှာဖွေရမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ လုပ်ငန်းဟာ ပြင်ပစီးပွားရေးလုပ်ငန်းမျိုးမဟုတ်ဘဲ ရွေးချယ်ခန့်အပ်မှုမှာသာမက အခြားကိစ္စရပ်အားလုံးမှာလည်း နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေနဲ့ လုပ်ထုံးလုပ်နည်းမူဘောင်တွေထဲကသာ လုပ်ဆောင်ရမှာဖြစ်လို့ လုပ်ရကိုင်ရတာ အနည်းငယ်တော့ခက်ခဲမှာဖြစ်ပါတယ်။ ကိုယ်တိုင်သေချာပေါက်လုပ်နိုင်တာကတော့ မိမိရဲ့ လက်အောက်အပေါ် ထားရှိရမယ့်စိတ်နေစိတ်ထားနဲ့ အပြုအမူ၊ ရင်းနှီးစွာထိတွေ့ဆက်ဆံမှု၊ ကိုယ်ချင်းစာစိတ်၊ တရားမျှတစိတ်နဲ့ သမာသမတ်ကျမှုတို့ကို အခြေခံပြီး မိသားစုစိတ်ဓာတ်နဲ့ အပြန်အလှန်လေးစားစွာဆက်ဆံမှုမျိုးစတဲ့ ညီညွတ်မျှတတဲ့အုပ်ချုပ်မှုမျိုး ဖြစ်အောင် လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။

ဝန်ထမ်းတွေပြောချင်နေတဲ့ သူတို့ရင်ထဲက စကားသံ (Voice) တွေ ထွက်ပေါ်လာအောင် လမ်းဖွင့်ပေးတဲ့နည်းလမ်းတွေကို သက်ဆိုင်ရာဌာနလုပ်ငန်းခွင်နဲ့ကိုက်ညီအောင် ဖန်တီးပေးရာက ထွက်လာတဲ့ အသံတွေကို နားထောင်ပေးလိုစိတ်နဲ့ အမှန်တကယ်နားထောင်ပေးမယ်။ လူထက် မူကို အလေးထားမယ်။ ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်ဆက်ဆံမှုကင်းစွာနဲ့ မှန်ကန်မျှတစွာ အုပ်ချုပ်ပေးသွားမယ်ဆိုရင် သူတို့ဟာ Exit လို့ခေါ်တဲ့ ဌာနနေရာ ပြောင်းရွှေ့ထွက်ခွာမှုမျိုးသာမက လူကတော့ မထွက်ပေမယ့် စိတ်က အပြင်ရောက်နေတဲ့ Cognitive Exit (မလုပ်မရှုပ်မပြုတ်) လုပ်နေတာမျိုးတွေကိုပါ ရှောင်ရှားနိုင်ရုံမျှမက မိမိအလုပ်အပေါ်သစ္စာရှိတဲ့ (Loyalty) ဝန်ထမ်းတွေဖြစ်လာစေဖို့ အမြဲကြံဆလုပ်ဆောင်နေဖို့လည်း လိုအပ်ပါတယ်။ ဒီနေရာမှာ သစ္စာရှိမှုဟာ လူပုဂ္ဂိုလ်စွဲမဖြစ်ဖို့တော့ လိုအပ်မှာဖြစ်ပြီး သစ္စာအရှိလွန်သွားသူထံက မှန်ကန်အကျိုးပြုတဲ့ အကြံဉာဏ်မျိုးထွက်ပေါ်လာဖို့ ခဲယဉ်းမှာမျိုးကိုလည်း သတိပြုဖို့လိုအပ်ပါတယ်။

> **“ဝန်ထမ်းတွေပြောချင်နေတဲ့ သူတို့ရင်ထဲက စကားသံ (Voice) တွေ ထွက်ပေါ်လာအောင် လမ်းဖွင့်ပေးတဲ့နည်းလမ်းတွေကို သက်ဆိုင်ရာဌာနလုပ်ငန်းခွင်နဲ့ကိုက်ညီအောင် ဖန်တီးပေးရာက ထွက်လာတဲ့ အသံတွေကို နားထောင်ပေးလိုစိတ်နဲ့ အမှန်တကယ်နားထောင်ပေးမယ်။ လူထက် မူကိုအလေးထားမယ်။ ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်ဆက်ဆံမှုကင်းစွာနဲ့ မှန်ကန်မျှတစွာအုပ်ချုပ်ပေးသွားမယ်ဆိုရင် သူတို့ဟာ Exit လို့ခေါ်တဲ့ ဌာနနေရာ ပြောင်းရွှေ့ထွက်ခွာမှုမျိုးသာမက လူကတော့ မထွက်ပေမယ့် စိတ်ကအပြင်ရောက်နေတဲ့ Cognitive Exit (မလုပ်မရှုပ်မပြုတ်) လုပ်နေတာမျိုးတွေကိုပါ ရှောင်ရှားနိုင်ရုံမျှမက မိမိအလုပ်အပေါ်သစ္စာရှိတဲ့ (Loyalty) ဝန်ထမ်းတွေဖြစ်လာစေဖို့ အမြဲကြံဆလုပ်ဆောင်နေဖို့လည်းလိုအပ်”**

နောက်ထပ်အကြံပြုလိုတာကတော့ ခေါင်းဆောင်မှုနေရာမှာရှိတဲ့ ဌာနအကြီးအကဲတွေဟာ Bateman နဲ့ Zeithaml တို့တွေ့ရှိထားတဲ့ တစ်ဦးနဲ့တစ်ဦးအကြား ပြောဆိုဆက်ဆံမှု (Interpersonal Communication Style – ICS) ပုံစံ ခြောက်မျိုးဖြစ်တဲ့ Controlling style၊ Egalitarian style၊ Structuring style၊ Dynamic style၊ Relinquishing style နဲ့ Withdrawal style တို့ရဲ့ သဘောသဘာဝကို သိရှိထားရင် ၎င်းတို့ရဲ့ Impact ကိုသေချာဆန်းစစ်လေ့လာနိုင်မယ်ဆိုရင် ထိရောက်မှုရှိပြီး စွမ်းဆောင်ရည်ပြည့်ဝတဲ့ခေါင်းဆောင်မှုပုံစံကို ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း အလေးပေးပြောကြားလိုပါတယ်။

Controlling style လို့ခေါ်တဲ့ အသွားအပြန်မရှိဘဲ တစ်ဖက်သတ်ဆန်တဲ့ဆက်ဆံရေး (One–Way Communication) ဟာဆိုရင် တစ်ဖက်လူကို ညွှန်ကြားချက်ပေးပြီး တစ်ဖက်လူရဲ့အမြင်နဲ့ တုံ့ပြန်ပြောကြားမှု (Feedback) ကို လိုလားခြင်းမရှိဘဲ ထိုလူရဲ့ နာခံမှုကိုပဲ လိုလားတာမျိုးဖြစ်ပါတယ်။ အဲဒီဆက်ဆံရေးဟာ အရေးပေါ်အခြေအနေကိစ္စရပ်တွေမှာ ထိရောက်မှုရှိနိုင်သော်ငြားလည်း ပုံမှန်အခြေအနေ၊ ပုံမှန်ဆက်ဆံရေးတွေမှာဆိုရင် အဲဒီဆက်ဆံရေးဟာ အချင်းချင်းအကြား ပြောဆိုဆက်ဆံမှုမှာ အတားအဆီးသဖွယ်ဖြစ်စေပြီး တစ်ဖက်သားအနေနဲ့ အားငယ်စိတ်၊ သိမ်ငယ်စိတ်မျိုးဖြစ်ပေါ်နိုင်တဲ့အပြင် ရာထူးအရှိန်အဝါကြောင့် ဖိနှိပ်ခွဲခြားဆက်ဆံခံရတာဆိုတဲ့ စိတ်ခံစားမှုမျိုးအထိပါ ဖြစ်သွားနိုင်တာကို သတိမူရမှာဖြစ်ပါတယ်။ Withdrawal Style ဆိုတဲ့ အပြုအမူမျိုးကတော့ တစ်ဦးနဲ့တစ်ဦးအကြား ပြောဆိုဆက်ဆံမှုမရှိတဲ့အခြေအနေ (Lack of Communication) မျိုးဖြစ်ပြီး တစ်ဖက်လူကို ညွှန်ကြားချက်ပေးရမယ့်ကိစ္စတွေမှာလည်း ညွှန်ကြားချက်ပေးတာမရှိခြင်း၊ ဆွေးနွေးမှုတွေမှာလည်း ဝင်ရောက်ဆွေးနွေးပြီး သဘောထားအမြင်၊ သဘောထားမှတ်ချက်ပေးတာ မရှိတာမျိုးဖြစ်ပါတယ်။ အဲဒီဆက်ဆံရေးပုံစံဟာ ထိရောက်မှုမရှိတဲ့ ဆက်ဆံရေးမျိုးပဲ ဖြစ်ပါတယ်။

Egalitarian Style ဆိုတဲ့ အချင်းချင်းအကြား အပြန်အလှန်ဆက်ဆံပြောဆိုမှု (Two–Way Communication) ရှိတဲ့ ပုံစံကတော့ တစ်ဖက်လူကို ညွှန်ကြားခိုင်းစေတာထက် သတင်းအချက်အလက်ဝေမျှတာ၊ အတွေးအခေါ်အကြံဉာဏ်တွေ ဝေမျှနိုင်အောင် အားပေးတာ၊ ယုံကြည်မှုနဲ့ အပြုသဘောဆောင်တဲ့ဆက်ဆံရေး တည်ဆောက်ပေးတာဖြစ်တဲ့အတွက် အပြန်အလှန်နားလည်မှုရှိစေဖို့၊ ပူးပေါင်းဆောင်ရွက်မှုရှိဖို့အတွက် အထောက်အကူဖြစ်စေတဲ့ ဆက်ဆံရေးတစ်ခုပဲဖြစ်ပါတယ်။ Controlling Style ထက် ပိုမိုထိရောက်ကောင်းမွန်တဲ့ ဆက်ဆံရေးပုံစံပဲဖြစ်ပါတယ်။ Structuring Style လို့ခေါ်တဲ့ ဆက်ဆံရေးကတော့ အကြီးအကဲတွေဟာ အလုပ်ပြီးမြောက်ဖို့အတွက် အာရုံစူးစိုက်ပြီး (Task–Focused) အလုပ်အစီအစဉ်ရေးဆွဲချမှတ်တာ၊ အဖွဲ့အစည်းအတွက် စံနှုန်း သို့မဟုတ် စည်းမျဉ်းတွေချမှတ်တာ၊ စည်းမျဉ်းတွေလိုက်နာတာ ရှိ၊ မရှိ စောင့်ကြည့်လေ့လာတာ၊ ချမှတ်ထားတဲ့ရည်မှန်းချက်နဲ့ ပန်းတိုင်တွေကို တစ်ဖက်လူသိအောင် အသိပေးတာတို့ကို ပြုလုပ်တတ်ပါတယ်။ Structuring Style ကို Egalitarian Style နဲ့ ပေါင်းစပ်လိုက်မယ်ဆိုရင်တော့ အဖွဲ့အစည်းအတွက် ဟန်ချက်မျှပြီး အကျိုးအတော်ဖြစ်ထွန်းမှာဖြစ်ပါတယ်။

Dynamic Style ဆိုတဲ့ ဆက်ဆံရေးပုံစံကတော့ တစ်ဖက်လူအနေနဲ့ အလုပ်တစ်ခုကို အမှန်တကယ် အကောင်အထည်ဖော်စေဖို့အတွက် အားတက်သရော (High–Energy) နဲ့ လှုံ့ဆော်အားပေးပြီး တောင်းဆိုတဲ့ပုံစံဖြစ်ပါတယ်။ အဲဒီဆက်ဆံရေးပုံစံဟာဆိုရင်လည်း အရေးပေါ်အခြေအနေတစ်ရပ်ရပ်နဲ့ကြုံတဲ့အခါမှာ ထိရောက်မှုရှိနိုင်ပါတယ်။ သို့သော်ငြားလည်း တစ်ခုသတိပြုရမှာက မိမိလှုံ့ဆော်အားပေးနေတဲ့သူဆီမှာ ရှိသင့်ရှိထိုက်စွာနဲ့ လိုအပ်တဲ့အသိပညာနဲ့ အတွေ့အကြုံရှိနေဖို့ လိုအပ်တယ်ဆိုတာ သတိပြုဖို့ လိုအပ်ပါတယ်။ Relinquishing Style ကတော့ အကြီးအကဲတစ်ဦးအနေနဲ့ လက်အောက်ငယ်သားတွေအပေါ်မှာ လေးစားမှုရှိပြီး (Deferential) ၎င်းတို့ရဲ့ အကြံဉာဏ်ကို လိုလိုလားလားနားထောင်ပေးတာ၊ တစ်ခါတလေမှာ ၎င်းတို့ကို ဦးဆောင်ဆွေးနွေးဖို့ ခွင့်ပြုတာ၊ မိမိကိုယ်တိုင်ကတော့ အဲဒီအပေါ်မှာ မှတ်ချက်အနည်းအကျဉ်းသာပြုတတ်တဲ့ ပုံစံမျိုးဖြစ်ပါတယ်။

**စာမျက်နှာ ၁၈ သို့ ○**

ကုန်သွယ်/စီးပွား

## လွယ်ဂျယ် နယ်စပ်ကုန်စည်စီးဆင်းမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

လွယ်ဂျယ်ကုန်သွယ်ရေးစခန်း အနေဖြင့် ဩဂုတ် ၁၄ ရက်မှ ၁၅ ရက်အတွင်း ကုန်သွယ်မှု ဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ပဲတီစိမ်း ၂၂ တန် နှင့် ရော်ဘာ ၁၆၅ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်း ဈေးနှုန်းများအနေဖြင့် ဆန် တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲ တစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ ပြောင်း တစ်တန်လျှင် ဒေါ်လာ ၃၁၀၊ ကြိမ် တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်း တစ်တန်လျှင် ဒေါ်လာ ၆၆၀၊ မြေထောက်ပဲ တစ်တန်လျှင် ၁၄၈၄ ဒေါ်လာ၊ ရော်ဘာ တစ်တန်လျှင် ဒေါ်လာ ၁၃၀၀ နှင့် Aluminium Ingot တစ်တန်လျှင် ၁၇၅၂ ဒေါ်လာဖြစ်ကြောင်း သိရသည်။

ယခုပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ဓာတ်မြေဩဇာ တန် ၃၀၊ ပိတ်လိပ် ၄၃ ဒသမ ၉၀ တန်၊ ထွန်စက် ကိုးခု၊ ရိတ်သိမ်းခြွေလှေ့စက် သုံးစီး၊ ချည် ၁၅ တန်၊ မြက်ခင်းတု ၆ ဒသမ ၅၀ တန်၊ ပလတ်စတစ်လိပ် ၁၅ တန်နှင့် ကုန်စုံ ၄၈ ဒသမ ၃၀ တန်တို့ အများဆုံးတင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်း ဈေးနှုန်းများအနေဖြင့် သဘာဝမြေဩဇာ(Organic Fertilizer) တစ်တန်လျှင် ဒေါ်လာ ၂၅၀၊ ကွန်ပေါင်းဓာတ်မြေဩဇာ (Compound Fertilizer)တစ်တန်လျှင် ၃၉၈ ဒေါ်လာ၊ စက္ကူလိပ် တစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ပီနံအိတ်တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ကော်စေ့ တစ်တန်လျှင် ဒေါ်လာ ၁၀၀၀ နှင့် ပိတ်လိပ်တစ်တန်လျှင် ဒေါ်လာ ၅၇၀ ရှိကြောင်း သိရသည်။

သတင်းအရင်းအမြစ် - စီးပွား / ကူးသန်း

## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ဆက်လက်ကျဆင်း



မုံရွာ ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့ အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေ ရရှိရန်အတွက် လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်ရှိ ကွမ်းဈေးကွက် အနေဖြင့် ဩဂုတ်လ(ဒုတိယပတ်) တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ ဈေးနှုန်း ရရှိပြီး ယခုပတ်တွင် အရည် အသွေးအပေါ် မူတည်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ ဈေးနှုန်းဖြင့်သာ ရောင်းချရကြောင်း၊ မိုးဦးရာသီတွင် ကွမ်းအထွက်နှုန်း ပိုမိုလာခြင်း၊ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများနေခြင်းတို့ကြောင့် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းခြင်းဖြစ်ကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

## နယ်စပ်ရေးရာဝန်ကြီးဌာနက မွန်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဩဂုတ် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များ ဆွမ်းကွမ်းအဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး လှူဒါန်းလျက်ရှိရာ သထုံခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းနှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက သထုံမြို့နယ် နန်းခဲရပ်ကွက် မြသပိတ်တောင်ခြေရှိ သဒ္ဓမ္မဇောတိကာရာမ ကျောင်းတိုက် ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကြေးမုံ




## အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ မိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် အကျုံးဝင်မှတ်ပုံတင်ထားသော လမင်းစက္ကူစက်ရုံမှ အာမခံအလုပ်သမား ဦးလှိုင်မင်းဦးသည် ညဆိုင်း စက်မောင်းတာဝန်ထမ်းဆောင်နေစဉ် ဇွန် ၂၈ ရက်က အလုပ်တွင် ထိခိုက်သေဆုံးသည့်အတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး လူမှုဖူလုံရေးတိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

### ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ထုတ်ပေး

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးက လူမှုဖူလုံရေးရုံး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အာမခံအလုပ်သမား ဦးလှိုင်မင်းဦး အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးသည့်အတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်အိအိသက်ထံသို့ အဆိုပါစက်ရုံ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ရှေ့မှောက်တွင် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်းများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေသွေးဂျာနယ်ထွက်ရှိ




နေပြည်တော် ဩဂုတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၉ -၈ -၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅)၊ အမှတ်(၃၃)တွင် မိဘများ၏ အိမ်အလုပ်များကို မိမိတတ်နိုင်သည့်ဘက်မှ ကူညီလုပ်ကိုင်ပေးသင့်ကြောင်းကို ပုရွက်ဆိတ်လေးများ၏ လုံ့လဝီရိယထားပြီး လုပ်ဆောင်ပုံနှင့် ပုံပမာပြကာ ရေးဖွဲ့ထားသည့် “ပုပုပါဝင်သည့် အိမ်အလုပ်”မျက်နှာဖုံးဇာတ်လမ်း၊ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာသော စာရေးသားခြင်းအကြောင်းကို ဗဟုသုတရဖွယ်ရေးဖွဲ့ထားသည့် “ခေတ်အဆက်ဆက် ထွန်းကားခဲ့သည့် စာရေးခြင်းအမျိုးမျိုး”သုတဆောင်းပါး၊ သူတစ်ပါးထံမှ ပစ္စည်းဥစ္စာများကို မတရားရယူချင်ပါက ဒုက္ခရောက်နိုင်ပုံကို ရေးဖွဲ့ထားသည့် “မောင်ဉာဏနှင့်ကြက်ကင်ဖိုး” နှစ်မျက်နှာကာတွန်း၊ ခြေထောက်မသန်သော်လည်း အခြားကိုယ်လက်အင်္ဂါများကောင်းမွန်ပါက မိမိဘဝ၏ တိုးတက်မှုကို ဆောင်ရွက်နိုင်ကြောင်း ရေးဖွဲ့ထားသည့် “မငိုပါနဲ့မောင်လေးရယ်”ဝတ္ထု၊ သူတစ်ပါးကို မကောင်းကြံစည်ပါက မိမိတွင်လည်း ဒုက္ခနှင့်ကြုံတွေ့ရနိုင်ပုံကို ရေးဖွဲ့ထားသည့် “ငှက်ကျားလေးရဲ့စကား” ပုံပြင်၊ မိတ်ဆွေအချင်းချင်းအကြား သွေးခွဲစကားပြောဆိုခြင်းကြောင့် မိမိကို အစားအသောက်များ ပေးကမ်းနေသော သူငယ်ချင်းများ၏ စွန့်လွှတ်ခြင်းကိုခံရသော လင်းနို့အကြောင်းကို ရေးဖွဲ့ထားသည့် “ရှက်စိတ်” နှစ်မျက်နှာကာတွန်း၊ အသက်ငယ်ရွယ်သော်လည်း ပရဟိတစိတ်အပြည့်အဝရှိသော ရိုးရိုးလေးတို့ သူငယ်ချင်းတစ်စုအကြောင်းကို ရေးဖွဲ့ထားသည့် “လုပ်အားဒါန” နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စာသင်ခန်းစာအနေဖြင့် Spoken Grammar များနှင့် Question Tags များ ပြုလုပ်ပုံကို Grammar summary အဖြစ် လေ့ကျင့်ခန်းများနှင့်တကွ လေ့လာနိုင်မည့် “ရွှေသွေးအင်္ဂလိပ်သဒ္ဒါ”ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၁၇ မှ

ဒီလိုပြုမူတဲ့ပုံစံမျိုးဟာဆိုရင် စကားဝိုင်းထဲမှာ ဆွေးနွေးပြောဆို နေတဲ့ဘာသာရပ်နဲ့စပ်လျဉ်းပြီး အမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်ကာ အတွေ့အကြုံရှိ အားထားရပြီး တာဝန်ယူတတ်တဲ့သူတွေ ပါဝင်မယ်ဆိုရင်တော့ ထိရောက်မှုရှိတဲ့ ဆက်ဆံမှုပုံစံတစ်မျိုးပဲ ဖြစ်ပါတယ်။ အထက်ပါနည်းလမ်းတွေကို လိုအပ်သလို အသုံးပြုကာ မိမိလက်အောက်မှာရှိတဲ့ ဝန်ထမ်းတွေနဲ့ရော ဖြစ်ပေါ်လာတဲ့အခြေအနေ အချိန်အခါမျိုးနဲ့ပါ လိုက်လျောညီထွေမှုရှိစွာ အသုံးချဆောင်ရွက်တာမျိုးနဲ့ မိမိဝန်ထမ်းတွေထံက ခေါင်းဆောင်မှုရရှိစေရေးအတွက် ရှေးရှုတဲ့ ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ လူသားတွေမှာ မိမိပင်ကိုအတွင်း စိတ်စေ့ဆော်တာ (Intrinsic Motivation) ပါလာခဲ့ပြီးသားပါ။ မိဘတိုင်း သူတို့ကလေးတွေကို ကျောင်းကြိုဖို့ နောက်မကျလိုတဲ့ဆန္ဒကဲ့သို့ အတွင်းစိတ်စေ့ဆော်မှုမျိုး သူ့အလိုလိုရှိနေသလိုမျိုးပဲ ဝန်ထမ်းလုပ်ဖို့ရည်ရွယ်ပြီး ဌာနကို ဝင်ရောက်လာကြသူတွေဟာလည်း အဲဒီဌာနရဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်မယ်ဆိုတဲ့ စိတ်ဓာတ်အခံ ရှိနေပြီးသားပါ။ ။

■

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ္ဏာတော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

## ၁၇-၈-၂၀၂၃ ရက်နေ့အထိ အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

| စဉ် | နာမည် / အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၉၆၂။ | ဦးမောင်မောင်နှင့်ဇနီး ဒေါ်နှင်းနွယ်တို့အားရည်စူး၍ (သမီး) ဒေါ်ဝေနှင်းစုလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၄၉၆၃။ | ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်သန်းနွဲ့ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၈၆၀၀၀၀၀ |
| ၄၉၆၄။ | ဦးမြခိုင်နှင့်ဇနီး ဒေါ်မြမေ (သမီးကြီး) ဒေါ်နွဲ့နွဲ့အေး (အလပြ-ငြိမ်း) မိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၄၉၆၅။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးစန်းယုနှင့်ဇနီး ဒေါ်သန်းသန်းနုမိသားစုကောင်းမှု | ၁၂၃၀၀၀၀ |
| ၄၉၆၆။ | ဦးတင်ထွေးနှင့်ဇနီး ဒေါ်ကြည်ကြည်သန်း မိသားစုကောင်းမှု | ၁၂၀၀၀၀၀ |
| ၄၉၆၇။ | ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ခင်နီ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၆၈။ | ဒေါ်တင်ငွေမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၆၉။ | ဦးလှမြတ်စိုးနှင့်ဇနီး မချောစု၊ (သမီး) မသက်ထားစု၊ (သား) မောင်ဇေယျာဘုန်းမြတ်နှင့် ဆွေမျိုးတစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၇၀။ | ဦးမင်းအောင်နှင့်ဇနီး ဒေါ်ထားထားခင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၇၁။ | ဦးပေါက်နှင့်ဇနီး ဒေါ်ရွှေမန်း (သမီး) မစန်းသီတာ၊ (သား) မောင်ဇော်သက်နောင်၊ မောင်ဇော်သက်အောင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၇၂။ | ထပရ(၉၃၀)မိသားစုကောင်းမှု | ၇၂၀၀၀၀ |
| ၄၉၇၃။ | ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးမိသားစုကောင်းမှု | ၇၁၁၃၀၀ |
| ၄၉၇၄။ | ကြာအင်းရတနာမြေကျောင်းဆရာတော်ကောင်းမှု | ၇၀၀၀၀၀ |
| ၄၉၇၅။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်ကြည်မိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၄၉၇၆။ | နဝဓုတင်္ဂါစာရမဟာထေရ်မြတ်ကြီးအားဦးထိပ်ထား၍ တပည့်သားမြေးများ၏ကောင်းမှု | ၆၀၀၀၀၀ |
| ၄၉၇၇။ | ဒေါ်သန်းလှအားရည်စူး၍ ဦးသိန်းလွင်မိသားစုကောင်းမှု | ၆၀၀၀၀၀ |
| ၄၉၇၈။ | ဒုတိယဗိုလ်မှူးကြီးသက်ဝေထွန်းနှင့်ဇနီး ဒေါ်မေဖြူအိ နှင့် အရာရှိ/စစ်သည်မိသားစုကောင်းမှု | ၅၅၂၀၀၀ |
| ၄၉၇၉။ | တပ်ကြပ်ကြီးစာရေးသင်တန်းအမှတ်စဉ်(၉၁) (၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့အတွက် လှူဒါန်းခြင်းကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၈၀။ | ဦးခင်မောင်ဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၈၁။ | မိခင်ကြီး ဒေါ်ခင်ခင်ဝင်းအားအမှူးထား၍ (သမီး) ဒေါ်ညွန့်ညွန့်ဝင်း၊ ဒေါ်ခင်သူဇာဝင်း၊ (သား) ဗိုလ်မှူးကျော်သူရနှင့်ဇနီး ဒေါ်အိသန္တာလှိုင်၊ (သမီး) မရွှေသဇင်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၈၂။ | ဦးအောင်စန်းဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်လွင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၈၃။ | ဦးသန်းထွဋ်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း (သမီး) ဒေါ်တင်တင်အေး၊ ဒေါ်ခင်စန်းတင်၊ ဒေါ်စမ်းစမ်းထွဋ် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၈၄။ | ဒေါ်သီသီဆွေနှင့်ညီအစ်မများ (ကျန်းမာရေးမိသားစု)ကောင်းမှု | ၃၆၅၀၀၀ |
| ၄၉၈၅။ | ဒေါက်တာစိုးမင်းထွဋ်နှင့်ဇနီး ဒေါက်တာယုနန္ဒီမိသားစုကောင်းမှု | ၃၃၀၀၀၀ |
| ၄၉၈၆။ | ဒေါ်မြင့်မြင့်ခင်၊ (သား) သူရအောင်၊ ရဲလွင်အောင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၈၇။ | မဝါဝါရတနာထွေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၈၈။ | (သား)ဗိုလ်ကြီးမြင့်နိုင်အားရည်စူး၍ ဦးစိုးမြင့်နှင့်ဇနီး ဒေါ်စိန်စိန် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၈၉။ | ဦးဘိုးဆိုင်နှင့်ဇနီး ဒေါ်တင့်၊ ဆရာ ဦးတင်နှင့်ဇနီး ဒေါ်ရွှေမြင့်တို့အားရည်စူး၍ ဦးမြသန်းနှင့်ဇနီး ဒေါ်မြသင်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၉၀။ | ကိုမောင်မောင်ဦးနှင့်ဇနီး မခိုင်ဇင်မောင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၉၁။ | Love Insurance Myanmar's Client မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၉၂။ | ဒေါ်ခင်မာရီ၏(၆၈)နှစ်ပြည့်မွေးနေ့အလှူ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၉၃။ | စစ်တက္ကသိုလ်အမှတ်စဉ်(၂၆)မှ အရာရှိ မိသားစုများကောင်းမှု | ၂၃၀၀၀၀ |
| ၄၉၉၄။ | ကိုမြင့်နိုင်နှင့်ဇနီး မမေတင်မိသားစုကောင်းမှု | ၂၂၅၀၀၀ |
| ၄၉၉၅။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်တင်သန်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၄၉၉၆။ | ဦးလှိုင်သိန်းနှင့်ဇနီး ဒေါ်အေးသိန်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၄၉၉၇။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်မြရွှေအားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်ကောင်းမှု | ၂၀၀၀၀၀ |
| ၄၉၉၈။ | ဦးသာလှအောင်နှင့်ဇနီး ဒေါ်ယဉ်သူနှင့် ဦးထွန်းမြိုင်နှင့်ဇနီး ဒေါ်စိန်ထွေးတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၄၉၉၉။ | ဦးသောင်းနှင့်ဇနီး ဒေါ်သန်းရီ၊ မိုးကျော်ကျော်သောင်း၊ သက်သက်သောင်းတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၀၀၀။ | ဦးချိုသန်းအားရည်စူး၍ ဒေါ်မိုးစန္ဒာသိန်းမိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၅၀၀၁။ | ဦးခင်ဇော်ဦးနှင့်ဇနီး ဒေါ်မြအေးမိသားစုကောင်းမှု | ၁၃၀၀၀၀ |
| ၅၀၀၂။ | စက်ရုံပရဟိတဆရာတော်နှင့် ကျောင်းသူ၊ ကျောင်းသားများကောင်းမှု | ၁၁၅၅၅၀ |
| ၅၀၀၃။ | ဦးစိုးသူမိုးနှင့်ဇနီး ဒေါ်ပေါက်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၀၄။ | ကွယ်လွန်သူ ဦးကျော်ညွန့်၊ ဦးလွင်ထူးသန့်၊ ဗိုလ်မှူးအောင်ရဲကျော်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၀၅။ | ဒုတိယဗိုလ်မှူးကြီးဟန်ထွန်းဦးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၀၆။ | ဦးစိုးမြင့်နှင့်ဇနီး ဒေါ်တင်တင်ညိုမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၀၇။ | ဦးသိန်းဝင်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၀၈။ | အမှတ်(၅၅)မြေမြန်တပ်မဌာနချုပ်မိသားစုများကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၀၉။ | ဦးသန်းဝေနှင့်ဇနီး ဒေါ်သိန်းညွန့်မိသားစုကောင်းမှု | ၁၀၁၀၀၀ |
| ၅၀၁၀။ | ဦးစိုးအောင်နှင့်ဇနီး ဒေါ်အုန်းကြည် အားမာန်သစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၁၁။ | ဦးမောင်မောင်နှင့်ဇနီး ဒေါ်မြင့်မြင့်ခင် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၁၂။ | ဗိုလ်မှူးတေဇာဖြိုးအောင်နှင့်ဇနီး ဒေါ်စန္ဒာလင်း (သား) မောင်စွမ်းဇေဖြိုးနောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၁၃။ | ဦးဖေဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၁၄။ | ဦးကျော်သန့်လွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၁၅။ | ကွယ်လွန်သူဖခင်ကြီး ဦးဘသောင်းအားရည်စူး၍ (သမီး) ဒေါ်မမနှင့်မောင်နှမတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၁၆။ | ဒေါ်ကြည်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၁၇။ | ဦးမြင့်အေးနှင့်ဇနီး ဒေါ်သန်းသန်းဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


### ဖခင်အမည်မှန်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံးမြို့၊ မြို့ဦးကွက်သစ်၊ နယ်မြေ(၃)၊ အမှတ်(၄၇)နေ ဒေါ်အိအိဖြိုး[၁၃/ဟပန(နိုင်)၀၉၂၃၆၆]၏ ဖခင်အမည်မှန်မှာ ဦးသောင်းအေး(ခ) ဦးအေး [၁၃/ဟပန(နိုင်)၀၈၁၄၄၈] ဖြစ်ပါကြောင်း။

### အမည်ပြောင်း

အဖ ဦးလွမ်းဟောင်း ၏သား ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာ၊ အလက (လဘာန်) ကျောင်း၊ Grade-9 မှ မောင်ကျော်ငွေအား မောင်မီနော့ဟောင်းခေါင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်လောဒ့်နော် [၁/မကန(နိုင်)၂၂၀၈၄၂] ၏ ပတ်စ်ပို့နံပါတ် (MC-981812) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၄၅၇၄၄၆၇

### ပြင်ဆင်ဖတ်ရှုပါရန်

(၁၂-၈-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၁)ပါ အထက်တန်းရှေ့နေ ဒေါ်ခင်အေးဝင်း၏ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အစား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စဘူးတောင်းအုပ်စု၊ အင်ကြင်းကွင်းကျေးရွာနေ မောင်ကျော်ဇင်ထွေး၏ ဖခင်အမည်မှန်မှာ [၁၂/လကန(နိုင်)၁၈၄၀၂၈] ကိုင်ဆောင်သူ ဦးအောင်ကျော်ထူး ဖြစ်ပါကြောင်း။

ဦးအောင်ကျော်ထူး

### ပြင်ဆင်ဖတ်ရှုပါရန်

(၁၈-၇-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ (၂၁)ပါ အထက်တန်းရှေ့နေ ဒေါ်ခင်အေးဝင်း၏ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာတွင် မုဒိတာအိမ်ရာ-၁ ကွန်ဒိုတိုက်ခန်းအစား မီနီကွန်ဒိုတိုက်ခန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အေးမင်းဦး [၁၂/ကမန(နိုင်)၁၁၂၄၀၅]၏ ပတ်စ်ပို့နံပါတ် MC 792398 မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

Ph:09-774741766

## ရွှေတိဂုံစေတီတော်
## ၂၀၂၄ ခုနှစ် ပြက္ခဒိန်ရိုက်နှိပ်ခြင်းလုပ်ငန်း
## ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ရွှေတိဂုံစေတီတော် ပြက္ခဒိန်ဆိုဒ်ကြီး စောင်ရေ (၄၀၀၀၀)နှင့် ပြက္ခဒိန်ဆိုဒ်သေးစောင်ရေ (၃၀၀၀၀) ရိုက်နှိပ်မည်ဖြစ်ပါသည်။ ပြက္ခဒိန်ရိုက်နှိပ်လိုသူများသည် လုပ်ငန်း ဈေးနှုန်း အဆိုပြုလွှာပုံစံ၊ ပြက္ခဒိန်ဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက် တစ်စုံလျှင် ၁၀၀၀၀/- နှုန်း (ကျပ်တစ်သောင်းတိတိ)ဖြင့် ၂၈-၈-၂၀၂၃ ရက် မှ ၈-၉-၂၀၂၃ ရက်အထိ ဂေါပကအဖွဲ့ရုံး၊ ဗဟိုသိုလှောင်ရေးဌာန၌ အောက်ပါရက်များအတိုင်း ဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါပိတ်မည့်ရက် | ၈-၉-၂၀၂၃ ရက် (သောကြာနေ့) | မွန်းလွဲ ၁၅:၀၀ နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | ၁၉- ၉- ၂၀၂၃ ရက်(အင်္ဂါနေ့) | မွန်းလွဲ ၁၃:၀၀ နာရီ |

**အသေးစိတ်သိရှိလိုပါက ၀၁-၃၇၁၀၈၉၊ ၀၁-၃၈၃၅၀၁** ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

**ငြင်းချက်ထုတ်ရန်ဆင့်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၂၀)**
**အင်းစိန်ခရိုင်တရားရုံး**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁၇**

| | | |
|---|---|---|
| မဆိုင်းဘု | နှင့် | Mr. RUAN JIANRONG<br>E-88284186(Chinese)<br>Chinese/Christian<br>တရုတ်/ခရစ်ယာန်ဘာသာ |
| **( တရားလို )** | | **( တရားပြိုင် )** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၆)နေ တရားပြိုင် Mr.RUAN JIANRONG (E-88284186) Chinese/Christian (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေအရ တရားရုံးက ခရစ်ယာန်ဘာသာဝင် လင်မယားခွဲခွာနေစေရန် ဒီကရီချမှတ်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ( ၂၄) ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ( ၁၄ ) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( သိန်းထိုက်ဦး )**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

---

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေး လမ်းသွယ်(၁)တွင် တည်ရှိသည့် မြေကွက် အကျယ်ပေ(၁၈x၆၀)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်နှင်းဝေ(ဘ) ဦးမောင်မောင်[၁၂/မဂတ(နိုင်)၀၃၂၄၉၉]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ဝတ်ရည်ထွန်း[၁၂/သလန(နိုင်)၀၉၉၂၆၈]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာ ပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝတ်ရည်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီရိဦး (LL.B) (LL.M)** | **ဒေါ်ဝေဝေဖြိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၈၀၂)** |

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၃၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈၊ လူနေရပ်ကွက်အမှတ်-၁၉၊ ကံ့ကော်(၈)လမ်း၊ အမှတ်-၁၅၅၁(က)ရှိ အလျား (၂၀)ပေxအနံ(၆၀)ပေရှိ ဦးအောင်လင်း အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအားလုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မြမြဝင်း[၁၄/ပသန(နိုင်)၂၀၉၆၂၉]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဦး[၁၂/ရကန(နိုင်)၀၃၃၂၈၁] မှ စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆွေဝင်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၉၂)**
**အမှတ်-၁၃၂၈၊ ကုန်းဘောင်လမ်း၊ (၁၃) ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၉၉၀၂၉**

---

## "Genius Law Firm "လုပ်ငန်းတံဆိပ် အမည်အမှတ်အသားနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ ရောဝဏ်လမ်းမ၊ အမှတ်-၆၄/၆၆၊ (7B)တွင်တည်ရှိသော Genius Law Firm သည် အောက်တွင် ပါရှိသော လုပ်ငန်းအမှတ်တံဆိပ်အမည်အား တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် အမှတ်-၄/၄၅၉ ဖြင့် တရားဝင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ ပူးတွဲ ဖော်ပြပါ TradeMark Logo အားလည်း မူပိုင်ကိုယ်ပိုင် ဉာဏ်ဖြင့် ဖန်တီးအသုံးပြုထားသော Logo ဖြစ်ပါသည်။ **efiling.ipd.gov.mm** (မူပိုင်ခွင့်ဦးစီးဌာန)တွင်လည်း WIPO စည်းကမ်းများနှင့် အညီ ထပ်မံ၍ မှတ်ပုံတင်သွင်းထားပါသည်-

GENIUS
LAW FIRM

**မှတ်ပုံတင်စာချုပ်အမှတ်(၄/၄၅၉/၂၀၁၄ ခုနှစ်)**

**"Genius Law Firm"** လုပ်ငန်းအမည်ဖြင့် ၂၀၁၄ ခုနှစ်ကတည်းက စတင်ကာ ဝန်ဆောင်မှုလုပ်ငန်းအမှတ်တံဆိပ်အား Facebook page တွင် လည်း ဖော်ပြပါ Logo နှင့်တကွ ပူးတွဲပါ ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုကာ စီးပွားရေးဆိုင်ရာ ဥပဒေအကြံပေးလုပ်ငန်းများ၊ ကုမ္ပဏီ လုပ်ငန်းဆိုင်ရာ ဥပဒေအကြံပေးခြင်းနှင့် ကုမ္ပဏီများ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ အခွန်ရှင်းလင်းခြင်းဆောင်ရွက်ချက်များကို ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ကျွန်ုပ်တို့ **Genius Law Firm** မူပိုင်အသုံးပြုလျက်ရှိသော လုပ်ငန်းအမည်နှင့် **TradeMark Logo** အား လုပ်ငန်းအမျိုးအစားတူများမှ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်ကာ **Genius Law Firm** ထိခိုက်နစ်နာစေရန် အလွဲသုံးစားပြုလုပ်ခြင်း၊ အမည်ဆင်တူနီးပါးသုံးကာ **Social Media** များပေါ်တွင် (လုံး၀) မပြုလုပ်ပါရန် အသိပေး တားမြစ်အပ်ပါသည်။ ထိုသို့ပြုလုပ်ဆောင်ရွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မူပိုင်ခွင့်ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မြင့်မြင့်စန်း** | **ဒေါ်ခင်ဝတ်ရည်ဦး** |
| **(LL.B, Advocate)** | **(LL.B, D.B.L, D.I.L, M.B.L)** |
| **စဉ်-၆၃၇၂/၁၉၉၇** | **စဉ်-၁၃၉၇၉/၂၀၁၇** |

**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ယုမိုးဟန်(အထက်တန်းရှေ့နေ)(စဉ်-၄၇၅၆၁)**
**အမှတ်-၆၄/၆၆၊ (7B), ရောဝဏ်လမ်းမ၊ (၇/အရှေ့ရပ်ကွက်)၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-260005733, 09-443005733, 09-43088967**

---

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၆)၊ မြေကွက်အမှတ် (၁၀၈၈) ဟုခေါ်တွင်သော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခ(၅)လမ်း၊ အိမ်အမှတ်(၁၀၈၈)ရှိ ဒေါ်အုန်းမြင့် (ZLN-013724) [၁၂/လမန(နိုင်)၁၁၈၃၃၅] အမည်ပေါက် (၄၂ပေx၆၀ပေ) ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မူရင်းနှင့် ၎င်းအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၁၀၈၈/က)ဟုခေါ်တွင်သော အိမ်အမှတ်(၁၀၈၇)နှင့်ကပ်လျက် (၂၀ပေx၆၀ပေ) ကျယ်ဝန်းသည့် ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်ခွဲတိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လွင်လွင်မာ [၁၂/ဥကတ(နိုင်)၁၅၁၆၉၇] မှ ရောင်းချမည်ဖြစ်ကြောင်းကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP] အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)**
**ဖုန်း-၀၉-၈၈၅၀၃၂၁၃၅**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ မသန်းသန်းဆွေ[၁၄/ပသန(နိုင်)၁၅၉၃၉၃]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၃၆၁၂၄၄**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းထွန်းဦး[၁၁/စတန(နိုင်)၀၀၄၁၂၈]၏ နိုင်ငံကူးလက်မှတ် Passport နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**Ph:09-5078211**
**09-785078211**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစောဂျော့[၇/ကကန(နိုင်)၀၄၉၁၄၂] ကိုင်ဆောင်ထားသော စက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ် (CED-1) 0127/19-20 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-259907825**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်မာလာရီ[၉/ပမန(နိုင်)၁၅၁၁၃၉]၊ အဖအမည် ဦးစောမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ.၃၀၄၉၃)ကို မိတ္ထီလာမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၀၄၈/၂၀၂၃(၁-၃-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးသန်းထွန်းအောင် [၉/ပမန(နိုင်)၁၇၁၅၁၁]၊ အဖအမည် ဦးမြအောင်မှ ဒေါ်ခင်စိန် [၉/ပမန(နိုင်)၀၂၄၅၇၆]နှင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ မြရတနာလမ်း၊ မြေကွက်အမှတ်-၅၄၄၊ မြေအကျယ်အဝန်း (၄၀'x၆၀') ဒေါ်နုနုဝင်း အမည်ပေါက်ဂရန်မြေထဲမှ ခြေရင်းခြမ်းမြေအကျယ်အဝန်း (၂၀'x ၆၀')ရှိ မြေနှင့်အိမ်အား ဂရန်မိတ္တူ၊ ဆက်စပ်စာချုပ်များဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ယုမွန်မှ (၂၀၀၇)ခုနှစ်တွင် တရားဝင် အပြီးအပိုင် ဝယ်ယူထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်ဇာလင်း (L.L.B, D.M.L)**
**အထက်တန်းရှေ့နေ (စဉ် - ၂၇၀၆၅)**
**အမှတ်(၂၆၃)၊ အောင်ပန်းဝေလမ်း၊ (၁၂)ရပ်ကွက်၊**
**ရွှေပေါက်ကံမြို့သစ်။ ဖုန်း-၀၉-၄၂၂၆၃၂၆၀၅**

---

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၆၅-D)၊ ကွင်းအမည်-ကညင်ပင်ချောင်းထောင်၊ ဦးပိုင်အမှတ်-N/၁၉၀-ခ၊ ဦးအောင်တင် အမည်ပေါက်ထံမှ အကျယ် (၂၇'x၈၆')ရှိ ဥယျာဉ်ခြံမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသူ ဦးသန်းစိုးအောင် [၁၂/သလန(ပြု)၀၀၅၄၆၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်မော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၅)**
**အမှတ်-၆/၈၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ (၇)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၀၆၂၃၆၁၊ ၀၉-၇၉၁၂၅၈၇၁၄**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၈)၊ ကွင်း/အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၁၆၄/က)၊ ဖိုန်နဘီ(ခ)ဒေါ်လှကြည်၊ ရာမက်ဘီ(ခ)ဒေါ်ကြာညို အမည်ပေါက် ဘိုးဘွားပိုင် (၇.၀၄၈ဧက) မြေကွက်ကြီးအနက်မှ အလျား (၃၅)ပေ x အနံ (၈၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ် RC တိုက်/ ရေမော်တာ (ကွန်ပရက်ဆာ)၊ ကိုယ်ပိုင်မီတာအပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအပါအဝင် မြေကွက်အား အရောင်းအဝယ်စာချုပ်အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ထားရှိသူ ဒေါ်နွယ်နွယ် [၁၂/သလန(နိုင်)၀၂၅၀၂၄] ကိုင်ဆောင်သူမှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ သဘောတူသည့်အလျောက် ကျွန်တော် ဦးမိုဟာမက် [၁၂/ပဘတ(နိုင်)၀၂၅၀၂၂] ကိုင်ဆောင်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထား စာရွက်စာတမ်း စာချုပ်မူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမိုဟာမက်**
**ဖုန်း-၀၉-၅၁၃၆၇၈၆၊ ၀၉-၇၈၅၁၃၆၇၈၆**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၃-ရပ်ကွက်၊ သီရိမြိုင်(၂)လမ်း၊ အမှတ်-၅၄/၅၆၊ မြေညီထပ်(မြေရှင်အခန်း)နှင့် ပတ်သက် ဆက်နွယ်မှုများကို တစ်ဦးတည်းပိုင်ဆိုင်သူ ဦးမြသန်း[၁၂/လမန(နိုင်)၀၃၈၅၉၁]ထံမှ ကျွန်ုပ် ဦးထွန်းလင်းဝင်း[၁၂/ကတတ(နိုင်)၀၂၈၂၈၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းလင်းဝင်း**
**[၁၂/ကတတ(နိုင်)၀၂၈၂၈၆]**
**ဖုန်း-၀၉-၄၂၁၁၄၇၈၂၁**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ စိန်ရတနာလမ်း၊ မြေကွက်အမှတ်(၁၆၆)၊ မြေအကျယ်အဝန်း(၁၅ပေx၆၀ပေ)၊ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၁၆၇)နှင့်ကပ်လျက်ဘက်အခြမ်းရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာန မြို့မြေစာရင်းတွင် **ဒေါ်စန်း [၁၂/သဃက(နိုင်)၀၉၂၃၉၄]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**(စဉ်-၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**




# ရွှေမိုးကောင်းကွန်ဒို
# မှ

မိုးရာသီ အထူးပရိုမိုးရှင်း

**(25%)** အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။
**FACILITIES** အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး
ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ
ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန်
ဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉ - ၃၆၁၂၈၈၁၄၊ ၀၉ - ၂၅၄၀၃၄၈၇၁




## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က ကွမ်သဲ၊ Grade-12 တန်းမှ မနန်းအိစန္ဒာမျိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးသွင် [၃/ကကရ(နိုင်)၀၇၁၉၇၃] ဖြစ်ပါကြောင်း။

**ဦးမျိုးသွင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ တိုက်အမှတ်(၉)၊ အခန်းအမှတ်(၃၂)ကို မူလအမည်ပေါက် ဦးမြင့်အောင် [၁၄/ပသန(နိုင်)၀၇၇၇၁၈]ထံမှ အဆက်အစပ်စာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးကျော်ရှိန်မောင် [၁၁/ကတန(နိုင်)၀၈၀၉၈၄၇] က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၁၀၉၈၊ မြေကွက်တည်နေရာအမှတ် (၁၀၉၈)၊ စိမ်းလဲ့သာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် **ဒေါ်ကြည်ကြည် (BF-၀၂၃၃၉၄)** အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်ဂရန်မြေအား မြေအမည်ပေါက် (မိခင်) **ဒေါ်ကြည်ကြည်နှင့် (ဖခင်) ဦးရွှေလှိုင်** တို့ အသီးသီးကွယ်လွန်ခဲ့ကြောင်း၊ (မိခင်) **ဒေါ်ကြည်ကြည်နှင့် (ဖခင်) ဦးရွှေလှိုင်တို့မှ ဒေါ်သီတာရွှေ၊ ဒေါ်မဥ္ဇူရွှေ၊ ဒေါ်မာလာရွှေ** တို့ သားသမီး (၃)ဦးအား မွေးဖွားခဲ့ပြီး သမီး (၃)ဦးအနက် သမီး (၁) ဦးဖြစ်သူ **ဒေါ်မာလာရွှေသည် (၁၇-၄-၂၀၂၁)** ရက်နေ့တွင် အပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိဘဲ ကွယ်လွန်ခဲ့သဖြင့် ကျန်သမီး (၂)ဦးဖြစ်သူ **ဒေါ်သီတာရွှေ [၁၂/ရကန(နိုင်)၀၁၂၁၇၁]** နှင့် ဒေါ်မဥ္ဇူရွှေ (၁၂/ဥကတ(နိုင်)၀၅၉၀၃၅) တို့မှ ၎င်းတို့ညီအစ်မ (၂)ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ လျှောက်ထားသူ (၂)ဦးအနက် **ဒေါ်မဥ္ဇူရွှေ** မှ ကိုယ်တိုင်နှင့် **ဒေါ်သီတာရွှေထံ** မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- **၃၀၈၈/၂၀၂၃ (၁၆-၂-၂၀၂၃)** ဖြင့် ရယူပြီး ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည် ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ (မိခင်) ဒေါ်ကြည်ကြည်၏ သေဆုံးမှုလက်မှတ်၊ (ဖခင်) ဦးရွှေလှိုင် သေဆုံးမှုလက်မှတ် တင်ပြနိုင်ခြင်းမရှိ၍ (၂၂-၂-၂၀၂၃) ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပြန်ကြားစာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ဒေါ်မာလာရွှေ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၈)၊ B-3၊ (အလျား ၁၂ ပေ x အနံ ၅၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်ရွှေ [၁၂/ဒပန(နိုင်)၀၄၁၉၅၈] (ဦးအေးမောင်၏အမွေဆက်ခံခွင့်ရသူ) မှ လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **မသင်းသင်းယု**
**လွှဲအပ်ညွှန်ကြားချက်အရ** — **ဒေါ်အိသူထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၆၄)**
**အမှတ်(၉၆)၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-254190496, 09-965450595**

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိရန်ကြော်ငြာခြင်း

မောင်မျိုးမင်းမြတ် [၁၄/လပတ(နိုင်)၁၃၉၉၇၄] နှင့် မခင်နှင်းယု [၁၂/သဃက(နိုင်)၁၈၀၉၆၄] တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သည့်အတွက် နှစ်ဖက်အသိသက်သေလူကြီးများရှေ့မှောက်တွင် (၂၈-၇-၂၀၂၃) ရက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ပါ၍ မောင်မျိုးမင်းမြတ်နှင့် မခင်နှင်းယု တို့သည် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ဆက်နွှယ်မှုရှိမည် မဟုတ်ကြောင်း အများသိရန် ကြော်ငြာအပ်ပါသည်။ ကွာရှင်းပြတ်စဲသည့်ရက်မှစ၍ မခင်နှင်းယု အား မောင်မျိုးမင်းမြတ်အနေဖြင့် တစ်စုံတစ်ရာနှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မပြုလုပ်ရန်၊ မခင်နှင်းယု၏ လုပ်ငန်းကိုင်ငန်းများတွင် စွက်ဖက်ခြင်း၊ ပတ်သက်ခြင်း မပြုလုပ်ရန်နှင့် မခင်နှင်းယု၏ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြောအဆို၊ အပြုအမူများ လုံးဝမပြုလုပ်ရန် အကြောင်းကြားသတိပေးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **မခင်နှင်းယု** — **[၁၂/သဃက(နိုင်)၁၈၀၉၆၄]**
**လွှဲအပ်ညွှန်ကြားချက်အရ** — **ဒေါ်အိသူထွန်း (စဉ်-၁၃၆၆၄)** — **တရားလွှတ်တော်ရှေ့နေ (LL.B)**
**အမှတ်(၉၆)၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-254190496, 09-965450595**

## ကန့်ကွက်နိုင်ရန်နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၃၁)၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ရွှေသီရိ(၁)လမ်း၊ အိမ်အမှတ်(၃) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၁ပေx၆၀ပေ) ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက် ဒေါ်မေရီ (အေအေ-၀၉၅၄၃၄) ၏ ခင်ပွန်းဖြစ်သူ ဦးသောင်းရွှေ (ISN-232680) မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်မှတ်ပုံတင်အမှတ် (၆၃၅၉/၂၀၁၁) ဖြင့်ပိုင်ဆိုင်ပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၉၁၉/၂၀၁၁) ရရှိသူ ဦးအောင်မိုးထွေး [၇/တငန(နိုင်)၀၉၈၈၂၈] ထံမှ ဦးကျော်သီဟစိုး [၁၂/ကမတ(နိုင်)၀၆၀၃၇၃]၊ ဒေါ်ဇင်မေချစ် [၁၂/အလန(နိုင်)၀၄၃၁၁၅] နှင့်ဒေါ်နှင်းအဥ္စလီ [၁၂/မရက(နိုင်)၁၇၁၃၅၄] တို့က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားကြောင်း၊ မိမိတို့သာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် မြေကွက်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူဇာဆက်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၇၂)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၆၅၅၀၈၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လမ်းမတော်မြို့နယ်တရားရုံးတော်
## ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

**မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက်(MAPCO)** နှင့် **ဦးခန့်ထက်နိုင်**
**(ယင်းကုမ္ပဏီ၏ကိုယ်စား-ဦးတင်အုန်း)**
**(တရားလို)** — **(တရားပြိုင်)**

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်နေ တရားပြိုင်ဖြစ်သော ဦးခန့်ထက်နိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ခာတ်မြေဩဇာဖိုးငွေကျပ် (၅၁၇၁၃၀၀ဝိ/-) နှင့် နှစ်နာကြေးငွေကျပ် (၅၀၀၀၀၀ဝိ/-) စုစုပေါင်းငွေကျပ် (၅၆၇၁၃၀ဝိ/-) (ကျပ်ငါးဆယ့်ခြောက်သိန်းခုနစ်သောင်းတစ်ထောင့်သုံးရာတိတိရလိုမှု)" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ (၂၈)ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်နိုးပွင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လမ်းမတော်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၂၀၈)၊ (၈)ခန်းတွဲ၊ (၈)ထပ်တိုက်၊ အခန်းအမှတ်(F) မြေညီထပ်၊ (အလျား ၁၂½ပေ x အနံ ၆၀ ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုသူ ဦးအောင်ဝင်းထွန်း [၁၂/သကတ(နိုင်)၀၃၇၃၃၄] ဖြစ်သူက တရားဝင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအဖြစ်ပေးချေထားပြီးဖြစ်၍ ဤတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဦးထွန်းအောင်** — **[၁၀/သထန(နိုင်)၀၉၆၄၀၀]**
**လွှဲအပ်ညွှန်ကြားချက်အရ-** — **ဒေါ်နီနီသိမ်း** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၂၂/၂၀၁၂)** — **(LL.B,D.B.L,D.M.L)**
**ရုံး-အမှတ်(၁၄၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့် (၄၇)လမ်းထိပ်၊**
**(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၅၁၃၈၈၇၃**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပေါက်တန်းကွက်သစ်၊ ပိတောက်(၂)လမ်း၊ အိမ်အမှတ်-၃၁ နေ ဒေါ်ငြိမ်းငြိမ်းအေး နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၂/ထတပ(နိုင်)၁၃၇၇၁၀]ကိုင်ဆောင်သူမှ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ နဲ့သမိန်ကျေးရွာ၊ (၂)ရပ်ကွက်၊ (၄၀ x ၆၀)ပေ အိမ်ခြံမြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဦးမောင်သိုက် [၁၂/ထတပ(နိုင်)၀၂၁၈၇၈] ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ငြိမ်းငြိမ်းအေး မှ (၁၂-၈-၂၀၂၃) ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နှင်းဝေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၅၅၆/၂၀၁၃)**
**အမှတ်(၉)၊ အောင်သုခ (၉)မိုင်၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်။ Ph:09-423737706**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
## ၂၀၂၃ ခုနှစ်တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအတွက် BBM, BA(EPP), BA(Journalism), BTHM, BEF
## ပထမနှစ် သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါဘွဲ့သင်တန်းများအား ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့်ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
